မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်၊ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာ ၆ ရက်၊ သောကြာနေ့၊ အတွဲ (၄၉)၊ အမှတ် (၃၇)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မုန်တိုင်းသင့်ဒေသမှ ပျက်စီးသွားသောကျေးရွာများ နေရာသစ်၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်း နိုင်ငံတော်နှင့်အတူ ပြည်သူအားလုံးက အမျိုးသားရေးခံယူချက်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်၏အင်အားတို့ကို မှန်ကန်စွာ စုစည်းဆောင်ရွက်နိုင်ခဲ့သဖြင့် တစ်နှစ်အတွင်းမှာပင် မုန်တိုင်းသင့်ဒေသများ ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်

နေပြည်တော် နိုဝင်ဘာ ၅

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ပုသိမ်မြို့နှင့် ဟင်္သာတမြို့တို့၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့် တည်ဆောက်ရေးစီမံကိန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✳

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကညင်ရေလှောင်တမံ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

ဧရာဝတီတံတား (ညောင်တုန်း)

ဧရာဝတီတံတား(ညောင်တုန်း)ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်မည်ဖြစ်ပြီး ရထားလမ်းရော၊ ကားလမ်းပါ ပါရှိမည့် တံတားကြီးဖြစ်သည်။ တံတားအရှည်မှာ စုစုပေါင်း ၇၄၀၂ ပေခန့်ရှိမည်ဖြစ်ပြီး ရေလမ်းကင်းလွတ်အကျယ်သည် ၂၆၂ ပေခန့်နှင့် အမြင့် ၅၅ ပေခန့်ရှိမည်။

6-11 (01).pmd 1 11/6/2009, 1:40 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် နိုဝင်ဘာ ၆ ရက်)

အနာဂတ်မျိုးဆက်များကောင်းစားရေး ရည်မှန်းချက်ဖော်ဆောင် စက်မှုနိုင်ငံအဖြစ်ရောက်ရှိရန် တီထွင်ကြံဆ ကြိုးပမ်းစွမ်းဆောင်

ဧရာဝတီတိုင်း ပုသိမ်မြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လေဘေးသင့်ဒေသများ၏ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုအားပေးရန် နိုဝင်ဘာလ ၄ရက်နေ့က လပွတ္တာမြို့သို့ ရောက်ရှိခဲ့သည်။

လပွတ္တာမြို့ ၃မိုင်မြို့ကွက်သစ် ဖော်ထုတ်မှုနှင့်စပ်လျဉ်း၍ အခြေခံလိုအပ်ချက်များဖြစ်သော လမ်း၊ လျှပ်စစ်မီးနှင့် ရေလိုအပ်ချက်တို့ကို တွက်ချက်လေ့လာ၍ အဆင့်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်အောင် ကြိုးပမ်းရန်၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးလာအောင် စနစ်တကျ စီမံဆောင်ရွက်ရန်၊ မြို့ကွက်သစ်နှင့် လိုက်လျောညီမည့် အလှပင်၊ အရိပ်ရပင်၊ နှစ်ရှည်ပင်များကို စနစ်တကျ ပြုစုစိုက်ပျိုးရန်၊ တည်ဆောက်ဆဲလုပ်ငန်းများကို လာမည့်မိုးရာသီမတိုင်မီ ပြီးစီးအောင် ဆောင်ရွက်ရန်တို့ကို နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားခဲ့ပေသည်။

ဒေသခံပြည်သူတို့သည် တစ်ဦးချင်းဝင်ငွေ တိုးတက်သည်ထက်တိုးတက်ရန် ဆောင်ရွက်ရာ၌ ဒေသ၏သဘာဝအခြေအနေကို လူ့စွမ်းအားဖြင့် ပြုပြင်တည်ဆောက်၍ တန်ဖိုးမြှင့်တင် အသုံးချနိုင်ရန် ကြိုးပမ်းသွားကြရမည်ဖြစ်သည်။ ထို့ပြင် မိုးစပါးတစ်သီးကိုသာ စိုက်ပျိုးသည့်အလေ့အထကို ပြုပြင်ပြောင်းလဲ၍ မိုးစပါးအပြီး အခြားသီးနှံများကို ထပ်မံစိုက်ပျိုးကာ မိသားစုဝင်ငွေတိုးတက်အောင် နည်းလမ်းရှာကြံ၍ ကြံစည်အားထုတ် စိုက်ပျိုးသွားကြရမည်ဖြစ်သည်။

ဒေသခံပြည်သူများ၏ ကြိုးပမ်းအားထုတ်မှုကြောင့် ဝင်ငွေတိုးတက်လာပါက နိုင်ငံတော်၏စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်သည်။ စိုက်ပျိုးရေးနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံအဆင့်အထိသာ ဖြစ်နိုင်သဖြင့် အမှန်တကယ် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်ရန်အတွက် စက်မှုနိုင်ငံဖြစ်ရန် ထူထောင်သွားကြရမည်ဖြစ်ပြီး အနာဂတ်မျိုးဆက်များ ကောင်းစားရေးအတွက် စက်မှုနိုင်ငံအဖြစ်ရောက်ရှိရန် တီထွင်ကြံဆ လုပ်ကိုင်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ဧရာဝတီတိုင်းအတွင်း လိုအပ်သော စီးပွားရေးအခြေခံအဆောက်အအုံများ၊ လမ်းတံတားများ တိုးချဲ့တည်ဆောက်ပေးလျက်ရှိပြီး လွန်ခဲ့သည့်နှစ် မုန်တိုင်းကျရောက်အပြီး လမ်းကွန်ရက်များ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းဝင်လမ်းသစ်များ ဖောက်လုပ်ပေးလျက်ရှိရာ ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်အတိုင်း တာဝန်သိသိ ပါဝင်လက်တွဲ စွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် နိုဝင်ဘာ ၅

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ ၅၊ အမှတ် ၄၃ တွင် Political Times အထူးအချပ်ပိုအပါအဝင် ၂၀၁၀ နိုင်ငံရေးစနစ်သစ်နှင့် အုပ်ချုပ်ရေး မြို့တော်နေပြည်တော် နေပြည်တော်လေးနှစ်ပြည့် အမှတ်တရသုံးသပ်ချက် မျက်နှာဖုံးဆောင်းပါး၊ ခေတ်ဟောင်းသတင်းစာများကပြောနေသော ပြည်တွင်းနိုင်ငံရေးပုံရိပ်များ ဝေဝေဆာဆာဖြင့် ထွက်ရှိနေပြီဖြစ်သည်။

ထွက်ရှိ

ယင်းအပြင် ဆရာမောင်စူးစမ်း၏ ကျင့်ဝတ်တန်ဖိုးပညာနှင့် ဒီမိုကရေစီနိုင်ငံရေး၊ ဆရာဦးကိုကိုလှိုင်၏ ဘောလုံးပွဲမှ နိုင်ငံရေးသင်ခန်းစာ၊ ဆရာဦးကျော်ဝင်း၏ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးမှု ဘယ်သင်းကအရင်စ စသည့်နိုင်ငံရေးအတွေးအမြင် ဆောင်းပါးများ၊ မြန်မာအပါအဝင် နိုင်ငံတကာကျောင်းသားများ အွန်လိုင်းမှ ကျောင်းဝင်ခွင့်လျှောက်ထားနိုင်မှု အစီအစဉ် စင်ကာပူတွင်တိုးချဲ့၊ ကန်ဒေါ်လာသုံးသန်းတန် မော်တော်ယာဉ်၊ ထော်လာဂျီအင်ဂျင်နှင့် ဆက်စပ်ပစ္စည်းများဝယ်ယူရန် တရုတ်ကုမ္ပဏီများနှင့် အားမာန်သစ် စာချုပ်ချုပ်ဆို၊ မြို့တော်ခန်းမရှေ့ ဖန်တက်စီဝေါလ်ဂိမ်းစင်တာ စည်ပင်ဥပဒေချိုးဖောက်သဖြင့် ပိတ်သိမ်းခံရ၊ ကော်ဖီမစ်အိတ်ခွံများဖြင့် လူသုံးကုန်ပစ္စည်းထုတ်လုပ်၊ မြန်မာ့ပထမဆုံး အင်ကြင်းကျောက်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြတိုက် ပြင်ဦးလွင်တွင် ဖွင့်လှစ်မည်၊ သုံးနှစ်ဆက်တိုက်ကျင်းပခဲ့သော ပြင်ဦးလွင်ပန်းပွဲတော် ယခုနှစ်မကျင်းပဖြစ်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူသားတာဝန်အကြောင်း၊ သုံးမိနစ်မန်နေဂျာကဏ္ဍမှ အလုံးစုံအရည်အသွေးစီမံခန့်ခွဲမှုဆိုတာ၊ သမီးလိုချင်တာ ဖြစ်ချင်တာ အားလုံးကို လမ်းခင်းပြီး ပေးဆပ်သွားမယ် သန္တာလှိုင်နှင့် လိုတိုဗျူးစသည့် ဖျော်ဖြေရေးကဏ္ဍများအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

စုံလင်

အာရှတွင် ကျောက်မီးသွေးအပေါ် မှီခိုနေခြင်းက ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းဖြစ်၊ ကန်ပြည်ထောင်စုက အာရှတွင် ပိုမိုပါဝင် ပေါင်းစည်းမှုပြု၊ ဆယ်ကျော်သက်အရွယ်တို့ လိင်ဆက်ဆံမှု ကူးစက်ရောဂါအန္တရာယ်နှင့်ကြုံတွေ့နေ၊ သတိမနမ်းလေနှင့်အန္တရာယ်ရှိသည်၊ ကမ္ဘာ့စီးပွားပျက်ကပ်မှုက ကုန်တင်သင်္ဘောလုပ်ငန်းကို နာလန်မထူနိုင်ဖြစ်နေ၊ အလုပ်ရှင်၏ ညှဉ်းပန်းနှိပ်စက်မှုကြောင့် အင်ဒိုနီးရှားအိမ်ဖော်တစ်ဦးသေဆုံး၊ ရဲကင်းလှည့်ကားကို မဆင်မခြင်မောင်းနှင်သည့် ရဲသား ထောင်ဒဏ်ခြောက်နှစ်ချခံရ မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ ပြောရဦးမယ် သူတို့က ဒီလိုတဲ့ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

(၂၁)ကြိမ်မြောက် အရိုးဆရာဝန် ညီလာခံဖွင့်

ရန်ကုန် နိုဝင်ဘာ ၅

မြန်မာနိုင်ငံဆရာဝန်အသင်း အရိုးရောဂါကုပညာအဖွဲ့၏ (၂၁)ကြိမ်မြောက် မြန်မာနိုင်ငံ အရိုးဆရာဝန်ညီလာခံဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(အေ)၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာနုနုသာက ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏အဖွင့်မိန့်ခွန်းကို ဖတ်ကြားပြီး မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာကျော်မြင့်နိုင်က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်နှင့် အရိုးရောဂါကုပညာအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ထွန်းထွန်းတို့က အရိုးဆရာဝန်ညီလာခံကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** တက်ရောက်လာကြသူများက အရိုးရောဂါပညာပြခန်း၊ ဆေးနှင့်ဆေးပစ္စည်းပြခန်းများကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါအရိုးဆရာဝန်ညီလာခံသို့ အရိုးဆရာဝန် ၁၅၀ တက်ရောက်ကြပြီး နိုင်ငံတကာမှစာတမ်း ၁၀စောင်နှင့် မြန်မာနိုင်ငံမှစာတမ်း ၂၁ စောင်တို့ကို ဟောပြောပို့ချ၍ ဆေးပညာနှီးနှောဖလှယ်ပွဲများနှင့် လက်တွေ့သင်တန်းပို့ချခြင်းတို့ကို ဆောင်ရွက်ကြမည်ဖြစ်သည်။

ယင်းအရိုးရောဂါညီလာခံကို နိုဝင်ဘာ ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဆေးကုမ္ပဏီအသီးသီးမှ ဆေးနှင့်ဆေးပစ္စည်းပြခန်းပေါင်း ၃၀ ပါဝင်ပြသထားသည်။ **(သတင်းစဉ်)**

ရေစကြို အထက(၁) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၅

ရေစကြိုမြို့ အထက(၁)တွင် တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူသွားကြသော ဆရာကြီး ဆရာမကြီး ၈၅ဦးအား ကျောင်းသား ကျောင်းသူဟောင်းများက (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် ရေစကြိုမြို့ အထက(၁)မြတ်မာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အပူဇော်ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေနှင့်ပစ္စည်းများကို (ရေစကြို) ဦးတင်သောင်း ဖုန်း-၀၆၂-၃၀၀၇၃၊ ဦးမြင့်အောင် ဖုန်း-၀၆၂-၃၀၃၇၅၊ ဦးငွေးလွင် ဖုန်း-၀၆၂-၃၀၂၇၅၊ ကျောင်းအုပ်ဆရာမကြီး ဖုန်း-၀၆၂-၃၀၂၅၃၊ (မန္တလေး)ဦးဇော်ဝင်း ဖုန်း-၀၉-၂၀၀-၅၃၃၉၊ ဒေါ်ချိုချိုထွန်း ဖုန်း-၀၂-၆၄၅၀၅၊ (ရန်ကုန်)ဦးစိန်မြင့် ဖုန်း-၀၁-၂၄၄၄၈၆၊ ဦးသောင်းထွန်း ဖုန်း-၀၁-၇၂၂၅၇၁၊ ဦးသက်လွင် ဖုန်း-၀၁-၂၂၂၇၉၆ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

စာရင်းဟောင်းရှင်းလင်းရေး သင်တန်းဆင်း

တောင်ငူ နိုဝင်ဘာ ၅

မြန်မာ့စီးပွားရေးဘဏ်(တိုင်းရုံး) ပဲခူးတိုင်းက ကြီးမှူးဖွင့်လှစ်သော စာရင်းဟောင်း ရှင်းလင်းရေးသင်တန်း(၁/၂၀၀၉) သင်တန်းဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ရက် နံနက် ၉နာရီက တောင်ငူမြို့ ခရိုင်ဘဏ်ခွဲ၌ ကျင်းပသည်။

ဖွင့်လှစ်

သင်တန်းဆင်းပွဲတွင် တိုင်းမန်နေဂျာ ဦးသိန်းဖေက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်နိုင်မှု အခြေအနေကို ခရိုင်မန်နေဂျာ ဦးညွန့်ဆွေက ရှင်းလင်းသည်။ **(အောက်ပုံ)**

သင်တန်းသို့ သင်တန်းသူသင်တန်းသား ၁၅ဦးတက်ရောက်ခဲ့ပြီး တိုင်းမန်နေဂျာက သင်တန်းတွင် ဆုရရှိသူများအား ဆုချီးမြှင့်၍ သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ တိုင်းဘဏ်မှကြီးမှူး၍ တောင်ငူခရိုင်ဘဏ်ခွဲတွင် သင်တန်းပို့ချမှုမှာ ယခုနှစ်အတွင်း တတိယအကြိမ်မြောက် ဖွင့်လှစ်နိုင်ခြင်းဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြဝတီရုပ်မြင်သံကြား

၆-၁၁-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၇။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	အိုင်စီတီသုတ
၄း၂၀	၄။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၃၅	၅။	မဟာဂီတ ချိုကြည်မြ
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၁၅	၈။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၂၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀	၁၀။	**သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ အကြောင်း** (အပိုင်း-၂)
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	လျှပ်တစ်ပြက်
၆း၃၀	၁၄။	"ရွှေ" ဟာသဇာတ်လမ်းတွဲ **ဖအေမတူ မအေကွဲ** မေတ္တာ၊ ပေါ်လေး၊ ချစ်ဖွယ်
၆း၅၀	၁၅။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်ထဲကပန်းတစ်ပွင့်** (အပိုင်း-၁၅)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	နိုင်ငံတကာသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	စိုက်ပျိုးသုတ
	၂၂။	ရှင်သန်နေသောသီချင်းများ (Living Songs) **တေးရေး-ဇော်မင်းလေး**(အပိုင်း-၁)
	၂၃။	မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
	၂၄။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လူငယ်ပေါင်းချိန်** (တတိယတွဲ) (အပိုင်း-၂၄)

● ကျောဖုံးမှ

ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံရုံးခေတ္တ သံရုံးယာယီတာဝန်ခံ Mr. Kazuyuki Takeuchi နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါသွား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးညွန့်ဝင်း၊ အမျိုးသား စီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဂျပန်နိုင်ငံ တိုကျိုမြို့၌ကျင်းပမည့် ပထမအကြိမ် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဂျပန်နိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုအတွက် ငွေလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၅

၂၀၀၉ခုနှစ် စက်တင်ဘာလကုန်ပိုင်းအတွင်း အင်ဒိုနီးရှားသမ္မတနိုင်ငံ ဆူမားတြားကျွန်းအနောက်ပိုင်းရှိ ပါဒန်မြို့၌ အင်အား ၇ဒသမ၆ရစ်ချ်တာစကေးရှိ ငလျင်လှုပ်ခဲ့ခြင်း၊ ဖိလစ်ပိုင်သမ္မတနိုင်ငံနှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံတို့တွင် အပူပိုင်းမုန်တိုင်း Ketsana တိုက်ခတ်ခဲ့ခြင်းတို့ကြောင့် သေကျေပျက်စီးဆုံးရှုံးခဲ့မှုများအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီအဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက အင်ဒိုနီးရှားသမ္မတနိုင်ငံ အစိုးရသို့ အမေရိကန်ဒေါ်လာ ၅၀၀၀၀၊ ဖိလစ်ပိုင်သမ္မတ နိုင်ငံအစိုးရသို့ အမေရိကန်ဒေါ်လာ ၅၀၀၀၀နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရသို့ အမေရိကန်ဒေါ်လာ ၃၀၀၀၀ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

လှူဒါန်းပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညွန့်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Ms.Maria Hellen M Barber၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kouily A. Souphakhet တို့နှင့် သံရုံးအရာထမ်းများ တက်ရောက်ကြသည်။

စာနာထောက်ထား

လှူဒါန်းပွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညွန့်ဝင်းက သဘာဝဘေးအန္တရာယ်များကြောင့် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် လာအိုနိုင်ငံတို့မှ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရခြင်းအတွက် စာနာထောက်ထားကြောင်းပြောကြားပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးတို့သို့ အလှူငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၀စီနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးသို့ အလှူငွေ အမေရိကန်ဒေါ်လာ ၃၀၀၀၀တို့ကို ပေးအပ်လှူဒါန်းရာ သံအမတ်ကြီးများက လက်ခံ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညွန့်ဝင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် အပူပိုင်းမုန်တိုင်း Ketsana တိုက်ခတ်ခဲ့ခြင်းကြောင့် သေကျေပျက်စီးဆုံးရှုံးခဲ့မှုများအတွက် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံအစိုးရသို့ အမေရိကန်ဒေါ်လာ ၃၀၀၀၀ကို လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Kouily A.Souphakhet ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Kurt Michael Campbell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၅

ရန်ကုန်မြို့၌ ရောက်ရှိနေသော အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဌာန လက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr. Kurt Michael Campbell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညနေ ၃နာရီ၃၅မိနစ်မှ ၄နာရီ၃၅ မိနစ်အထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်များနှင့် တွေ့ဆုံသည်။

ဖတ်ကြား

ယင်းနောက် ည ၇နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ကြိုခန်းမ၌ Mr. Kurt Michael Campbell က မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်းမှ အသင်းဝင် သတင်းထောက်များ၊ ပြည်တွင်းဂျာနယ်၊ မဂ္ဂဇင်းများမှ စာတည်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ သတင်းထုတ်ပြန်ချက်ကို ဖတ်ကြားသည်။

ထို့နောက် လက်ထောက်နိုင်ငံခြားရေးဝန်ကြီးMr. Kurt Michael Campbell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

သီးခြားတွေ့ဆုံ

Mr. Kurt Michael Campbell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ ဌာနချုပ်တွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်လည်းကောင်း၊ တည်းခိုသည့်ဟိုတယ်တွင် ကျန်ရှိသောတရားဝင် မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် လည်းကောင်း တွေ့ဆုံရန် စီစဉ်ပေးထားခဲ့သော်လည်း တွေ့ဆုံခြင်းမပြုခဲ့ကြောင်းနှင့် အမေရိကန်သံရုံး သံရုံးယာယီတာဝန်ခံ၏ နေအိမ်တွင်သာ ၎င်းတို့ အစီအစဉ်ဖြင့် စိစစ်ဆဲပုဂ္ဂိုလ်အချို့တို့နှင့် သီးခြားတွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥတုရာသီ တောက်ပမှု၏

မြောက်ပိုင်းဒေသများ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် နိုဝင်ဘာ ၅

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိလျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်ညအပူချိန်များမှာ လွိုင်လင်မြို့တွင် ၅ဒီဂရီစင်တီဂရိတ်နှင့် ဟားခါးမြို့တွင် ၈ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၀ဒသမ၃၂လက်မနှင့် မင်းတပ်မြို့တွင် ၀ဒသမ၀၈လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

နိုဝင်ဘာ ၆ ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

ငါး၊ သစ်သီးနှင့် ဟင်းသီးဟင်းရွက်များ စားသုံးပေးပါလျှင် စိတ်ပိုင်းဆိုင်ရာရောဂါများ ဖြစ်ပွားမှုလျော့ကျစေနိုင်ဟုဆို

ငါး၊ သစ်သီးနှင့် ဟင်းသီးဟင်းရွက်များကို သီတင်းတစ်ပတ်လျှင် အနည်းဆုံး ငါးကြိမ်ခန့် စားသုံးပေးပါက စိတ်ပိုင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုများကို လျော့ကျစေနိုင်ကြောင်း ဗြိတိသျှဆေးသိပ္ပံပညာရှင်က ပြောကြားသည်။



နှိုင်းယှဉ်

အသားစားသူများနှင့် ငါးနှင့်ဟင်းသီးဟင်းရွက်အပြင် သစ်သီးများစားသုံးလေ့ရှိသူ ၃၅၀၀အား ငါးနှစ်ကြာနှိုင်းယှဉ်သုတေသနပြုခဲ့ရာ ငါးနှင့်ဟင်းသီးဟင်းရွက်အပြင် သစ်သီးစားသုံးသူများတွင် စိတ်ကျရောဂါနှင့် စိတ်ပိုင်းဆိုင်ရာရောဂါများ ဖြစ်ပွားမှုမရှိကြောင်း တွေ့ရှိရသည်ဟုဆို၏။

ပါဝင်

ငါးနှင့်ဟင်းသီးဟင်းရွက်များအပြင် သစ်သီးများ၌ စိတ်ပိုင်းဆိုင်ရာလန်းဆန်းတက်ကြွမှုကိုဖြစ်ပေါ်စေသော ဓာတ်များပါရှိကြောင်း၊ ထို့ကြောင့် စိတ်ကျရောဂါ ဖြစ်ပွားမှုကို ၂၆ရာခိုင်နှုန်း လျော့ကျစေနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

အကြံပြု

ထို့ကြောင့် စိတ်ပိုင်းဆိုင်ရာရောဂါများဖြစ်ပွားမှု လျော့ကျစေရန် ငါး၊ သစ်သီးနှင့် ဟင်းသီးဟင်းရွက်များကို များများစားသုံးပေးသင့်ကြောင်း ဗြိတိသျှဆေးသိပ္ပံပညာရှင်များက အကြံပြုထားသည်။ ။

6-11 (03).pmd 1 11/6/2009, 2:04 AM

စက်ရုပ်လူသား အိုလံပစ်ပွဲတော် တရုတ်၌ ကျင်းပမည်

ဟာဘင် နိုဝင်ဘာ ၅

ကမ္ဘာအနှံ့မှ စက်ရုပ်တီထွင်သူများ အနေဖြင့် ၎င်းတို့၏ တီထွင်ဖန်တီးမှုများကို ထုတ်ဖော်ပြသ ယှဉ်ပြိုင်နိုင်ရန်အတွက် ပထမဆုံး အပြည်ပြည်ဆိုင်ရာ စက်ရုပ်လူသား အိုလံပစ်ပွဲတော်ကို တရုတ်နိုင်ငံ ဟာဘင်မြို့၌ ၂၀၁၀ခုနှစ် ဇွန်လတွင် ကျင်းပမည်ဖြစ်ကြောင်း ဆင်ဟွာက ဖော်ပြသည်။

နိုင်ငံပေါင်း ၂၀ရှိ တက္ကသိုလ် ၁၀၀ ကျော်မှ ၎င်းတို့တီထွင်ထားသည့် စက်ရုပ်လူသားများစေလွှတ်ကာ ယှဉ်ပြိုင်ကြမည်ဟု မျှော်လင့်ကြောင်း၊ အားကစားပုံစံ ပြိုင်ပွဲများအပြင် ဆေးကုသမှုနှင့် ပြိုင်ပွဲအမျိုးအစား ၁၆မျိုး ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း ဟာဘင်နည်းပညာ တက္ကသိုလ် (အိတ်ချ်အိုင်တီ)မှ ပါမောက္ခ ဟောင်ယောင်ဘင်းက ပြောကြားသည်။ **(အင်တာနက်)**

ဂွာတီမာလာနိုင်ငံ ဆမ်ပန်ရိုမြို့ရှိ ဒေသခံများပြုလုပ်ထားသည့် စွန်များအား ခရီးသွားများ လာရောက်ကြည့်ရှုနေသည်ကို နိုဝင်ဘာ ၅ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ကျင်းပသည့် အပြည်ပြည်ဆိုင်ရာစက်မှုကုန်စည်ပြပွဲ၌ ပြသထားသည့် တရုတ်နိုင်ငံထုတ် ဂျက်လေယာဉ်ပုံစံငယ်ကို နိုဝင်ဘာ ၅ရက်က တွေ့ရစဉ်။ (အဆိုပါပြပွဲ၌ နိုင်ငံပေါင်း ၁၉နိုင်ငံမှ ပါဝင်ပြသကြသည်။) **(အင်တာနက်ဓာတ်ပုံ)**

တရုတ်-စင်ကာပူဖိုရမ် ပေကျင်း၌ ကျင်းပ

ပေကျင်း နိုဝင်ဘာ ၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် နိုဝင်ဘာ ၃ရက်က ကျင်းပသည့် စတုတ္ထအကြိမ် တရုတ်-စင်ကာပူ ဖိုရမ်ဆွေးနွေးပွဲသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ ကျွမ်းကျင်သူများနှင့် ပညာရှင်စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး ဆီယက်ယွန်းက ပြောကြားသည်။

သက်ဆိုင်ရာနိုင်ငံ၏ အကျိုးစီးပွားကို နားလည်လေးစားရန်သင့်ကြောင်း၊ ယခုဖိုရမ်ဆွေးနွေးပွဲသည် အထူးအရေးပါကြောင်းဖြင့်လည်း သံအမတ်ကြီးက ပြောကြားသည်။ ယခုအချိန်အခါသည် ကမ္ဘာကြီးတွင် လျင်မြန်စွာပြောင်းလဲနေသည့်အချိန်ဖြစ်၍ မိမိတို့ပညာရှင်များအနေဖြင့် မကြာခဏ တွေ့ဆုံဆွေးနွေးသင့်ကြောင်း ပြောကြားသွားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပထမဦးဆုံးအာကာသဟိုတယ်တည်ဆောက် အာကာသခရီးသည်များ တည်းခိုနိုင်တော့မည်

ဘာစီလိုနာ နိုဝင်ဘာ ၅

ဘာစီလိုနာအခြေစိုက် ဂလက်တစ်ဆုကုမ္ပဏီလီမိတက်သည် ၂၀၁၂ခုနှစ်တွင် ပထမဦးဆုံး အာကာသဟိုတယ်၌ အာကာသခရီးသည်များအား ဝန်ဆောင်မှုပေးရန် အသင့်အနေအထားရှိနေလိမ့်မည်ဟု အဆိုပါကုမ္ပဏီလီမိတက်က ပြောကြားသည်။

အပါအဝင်

ထိုဟိုတယ်၌ သုံးညတည်းခိုနေထိုင်ရန်အတွက် အခန်းခ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ သန်း ကျသင့်မည်ဖြစ်သည်။ ယင်းအခန်းခတွင် အပူပိုင်းဒေသရှိ ကျွန်းတစ်ကျွန်း၌ ရက်သတ္တရှစ်ပတ်ကြာ လေ့ကျင့်သင်တန်းပေးဦးမည်ဖြစ်ရာ ယင်းသင်တန်းအတွက် ပေးရသည့်သင်တန်းကြေးလည်း အပါအဝင်ဖြစ်သည်။

ဖော်ပြ

ခရီးသည်များအနေဖြင့် နေထွက်ချိန်ကို တစ်ရက်လျှင် ၁၅ ကြိမ်ကြည့်ရှုနိုင်ပြီး မိနစ် ၈၀လျှင်တစ်ကြိမ် ကမ္ဘာကိုပတ်နိုင်သည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

အထောက်အကူပြု

မိမိတို့၏ အာကာသဟိုတယ်စီမံကိန်းသည် အနာဂတ် အာကာသခရီးသွားလုပ်ငန်းအတွက် အထောက်အကူပြုလမ်းခင်းပေးလိမ့်မည်ဟု အဆိုပါဂလက်တစ်ဆုကုမ္ပဏီလီမိတက်မှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

(အင်တာနက်)

ဗုံးခွဲတိုက်ခိုက်မှုများ အဆက်မပြတ်ဖြစ်ပွား အီရတ်ပြည်သူ ၁၇ဦး ထိခိုက်ဒဏ်ရာရ

ဘဂ္ဂဒက် နိုဝင်ဘာ ၅

အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဆန့်ကျင်သည့် ဗုံးခွဲတိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ နိုဝင်ဘာ ၄ရက်က ဘဂ္ဂဒက်မြို့၌ ဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့သဖြင့် အရပ်သား ၁၇ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ဘဂ္ဂဒက်မြို့ အနောက်ပိုင်းတွင် ယင်းနေ့ နံနက်ပိုင်းက ပြည်ထဲရေးဝန်ကြီးဌာနပိုင် ကားတစ်စီးကို ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ ယာဉ်ပေါ်တွင် လိုက်ပါလာသူနှစ်ဦးနှင့် အနီးအနား၌ ဖြတ်သန်းသွားသူငါးဦးထိခိုက်ဒဏ်ရာ ရရှိသွားသည်။

ဘဂ္ဂဒက်မြို့မြောက်ပိုင်း အက်ဟာမီယာ့ဒေသရှိ စစ်ဆေးရေးဂိတ်အနီး၌ ဗုံးပေါက်ကွဲခဲ့ရာ ဖြတ်သန်းသွားသည့် မော်တော်ယာဉ်ကို ထိမှန်ခဲ့ကြောင်း၊ ယင်းပေါက်ကွဲမှု၌ ကောလိပ်ကျောင်းသားနှစ်ဦးနှင့် အီရတ်တပ်ဖွဲ့ဝင်နှစ်ဦး ထိခိုက်ဒဏ်ရာ ရရှိသွားသည်။

ထို့ပြင် လုံခြုံရေးကင်းလှည့်နေသည့် ရဲကားတစ်စီးမှာ လမ်းဘေးဗုံးပေါက်ကွဲ ထိမှန်ခဲ့မှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

အီကွေဒေါ်၌ ကြီးမားသောရေအားလျှပ်စစ် စီမံကိန်းတစ်ခု တရုတ်စီနိုဟိုက်ဒရိုကော်ပိုရေးရှင်းက တည်ဆောက်မည်

ကွီတို နိုဝင်ဘာ ၅

အီကွေဒေါ်နိုင်ငံတွင် တရုတ်စီနိုဟိုက်ဒရိုကော်ပိုရေးရှင်းမှ ရေအားလျှပ်စစ် စီမံကိန်းတစ်ခု တည်ဆောက်ရန် အီကွေဒေါ် သမ္မတ ရာဖေးလ်ကော်ရီရာနှင့် စီနိုဟိုက်ဒရိုကော်ပိုရေးရှင်းမှ ကိုယ်စားလှယ်တို့ သဘောတူလက်မှတ် ရေးထိုးခဲ့ကြကြောင်း နိုဝင်ဘာ ၅ရက်၌ သတင်းထုတ်ပြန်သည်။

ယင်းရေအားလျှပ်စစ်စီမံကိန်းသည် ကုန်ကျငွေ အမေရိကန်ဒေါ်လာ ၂ဘီလီယံခန့် ရှိမည်ဖြစ်သည်။ အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းသည် အီကွေဒေါ်နိုင်ငံရှိ အမေဇုန်မြစ်ပေါ်တွင် တည်ဆောက်သွားမည်ဖြစ်သည်။ ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်မည့်နေရာမှာ အီကွေဒေါ်နိုင်ငံမြို့တော်ကွီတိုမှ ၇၅ ကီလိုမီတာခန့် ကွာဝေးသည်။ ကိုကာကိုဒိုစင်ကလဲယား ရေအားလျှပ်စစ်စီမံကိန်းဟု အမည်ပေးထားသည့် ယင်းရေအားလျှပ်စစ် စီမံကိန်းသည် စုစုပေါင်း မဂ္ဂါဝပ် ၁၅၀၀ ထုတ်လုပ်ပေးနိုင်ပြီး နှစ်စဉ် ကီလိုဝပ် ၈ဒသမ၈ဘီလီယံ ထုတ်လုပ်ပေးနိုင်မည် ဖြစ်သည်။

ဖြည့်ဆည်းပေး

ယင်းရေအားလျှပ်စစ် စီမံကိန်းသည် အီကွေဒေါ်နိုင်ငံတွင် အကြီးဆုံးရေအားလျှပ်စစ်စီမံကိန်းတစ်ခု ဖြစ်လာမည်ဖြစ်ပြီး အီကွေဒေါ် နိုင်ငံ၏ ဓာတ်အားလိုအပ်ချက် ၇၅ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည်။ **(ဆင်ဟွာ)**

ဩစတြေးလျရေနံတူးစင်မှယိုစိမ့် သန့်စင်ရန် ခုနစ်နှစ်ကြာမြင့်နိုင်ဖွယ်ရှိ

ဆစ်ဒနီ နိုဝင်ဘာ ၅

အလွန်သန့်ရှင်းကြည်လင်သော ဩစတြေးလျပင်လယ်ပြင်တွင် ယိုစိမ့်စီးဆင်းနေသော ဓာတ်ဆီနှင့်ရေနံများ စောင့်ကြည့်ရှင်းလင်းရေးလုပ်ငန်းသည် ခုနစ်နှစ်ကြာ မြင့်လိမ့်မည်ဟု အရာရှိတစ်ဦးက နိုဝင်ဘာ ၄ရက်၌ ပြောကြားသည်။ သဘာဝပတ်ဝန်းကျင်ရေးရာ ပညာရှင်များက ယင်းကိစ္စနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် စုံစမ်းစစ်ဆေးရန် တိုက်တွန်းနေချိန်တွင် ယင်းသန့်ရှင်းရေးလုပ်ငန်းကိုဆောင်ရွက်ရန် စီစဉ်နေခြင်းဖြစ်သည်ဟု သိရသည်။

စိုးရိမ်

အနောက်အက်တလပ်ရေနံတူးစင် စတင်ယိုစိမ့်နေချိန်မှစပြီး ရေနံများ ယိုစီးနေသည်မှာ ရက်သတ္တ ၁၀ပတ်ကြာပြီဖြစ်သည်။ ဩစတြေးလျနိုင်ငံ အနောက်ပိုင်း မြောက်ဘက်ကမ်းရိုးတန်း တီမောပင်လယ်ကမ်းလွန်ဒေသအတွင်းသို့ ရေနံစည် ၂၈၀၀၀ ထက်မနည်း စီးဆင်းသွားပြီဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုအတွက် စိုးရိမ်စိတ်များ တစ်နေ့တခြား ဖြစ်လာရကြောင်းသိရသည်။ (အင်တာနက်)

စစ်သွေးကြွများ ပစ်ခတ် ဆရာမနှစ်ဦးသေဆုံး

ခါ(ပါကစ္စတန်) နိုဝင်ဘာ ၅

စစ်သွေးကြွအုပ်စုတစ်စုက ပါကစ္စတန်နိုင်ငံ ဘာဂျူရ်တိုင်းရင်းသားလူမျိုးစုဒေသရှိ အဓိကမြို့တစ်မြို့ဖြစ်သော ခါမြို့အနီး၌ ဗင်ကားတစ်စီး မောင်းနှင်လာစဉ် နိုဝင်ဘာလ ၄ ရက်က ချုံခိုတိုက်ခိုက်ခဲ့ရာ ကျောင်းဆရာမနှစ်ဦးသေဆုံးပြီး အခြားခရီးသည်နှစ်ဦး ဒဏ်ရာရရှိသွားသည်။

သေဆုံး

စစ်သွေးကြွများသည် ကျေးလက်လမ်းတစ်လမ်း၏ တစ်ဖက်တစ်ချက်မှ ချောင်းမြောင်းနေပြီး အဆိုပါ ဗင်ကားတစ်စီး မောင်းနှင်လာစဉ် စက်သေနတ်များဖြင့် တရစပ်ပစ်ခတ်ခဲ့သဖြင့် ထိုကဲ့သို့ သေဆုံးသွားခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ အရာရှိဖြစ်သည့် အာဒါလက်ခန်းက ပြောကြားသည်။

(အင်တာနက်)

ပုံးပေါက်ကွဲမှုဖြစ်ပွား

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို နိုဝင်ဘာ ၅ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ယီမင်လက်နက်ကိုင်များပစ်ခတ်မှု ဆော်ဒီတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ရီယတ် နိုဝင်ဘာ ၅

ဆော်ဒီအာရေဗျနိုင်ငံ နယ်စပ်စစ်ဆေးရေးဂိတ်တစ်ခု၌ ယီမင်လက်နက်ကိုင်များ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆော်ဒီတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး ၁၁ဦးဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အတည်ပြု

ဆော်ဒီအာရေဗျနိုင်ငံတောင်ပိုင်း ဂျီဘဲလ်ဒူကန်နယ်စပ်ဒေသအနီးရှိ စစ်ဆေးရေးဂိတ်တွင် ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါဒေသတွင် ယီမင်တပ်ဖွဲ့က ဟူသီအကြမ်းဖက်သမားများကို ထိုးစစ်ဆင်ချေမှုန်းလျက်ရှိသည်ဟု ဆိုသည်။ ဖြစ်စဉ်အသေးစိတ်ကိုမူ အတည်ပြု ပြောကြားနိုင်ခြင်းမရှိသေးပေ။ **(အင်တာနက်)**

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံ၌ သာသနာရေးဆိုင်ရာကိစ္စများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စား အိန္ဒိယနိုင်ငံ ဗီဟာပြည်နယ် ဂယာမြို့ ဗုဒ္ဓဂယာမြန်မာကျောင်း၌ ကျင်းပသည့် ဗုဒ္ဓဂယာ မဇ္ဈိမဒေသ ဒုတိယအကြိမ် မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ရန် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၆ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် အိန္ဒိယနိုင်ငံ ဂယာမြို့သို့ ရောက်ရှိကြသည်။

လျှောက်ထား

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့်အတူ ဂယာမြို့ရှိ ဗုဒ္ဓဂယာမြန်မာကျောင်း၊ မဟာဗောဓိဓမ္မရိပ်သာ၊ မဟာအောင်မြေကျောင်း၊ ကမ္ဘောဇကျောင်း၊ စာသင်ရဟန်းတော်များအဖွဲ့ကျောင်းများနှင့် ရာဇဂြိုဟ်ရှိ မြန်မာကျောင်းတို့သို့ သွားရောက်၍ သင်္ကန်းနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကာ ဒုတိယဝန်ကြီးနှင့် သံအမတ်ကြီးတို့က သာသနာရေးဆိုင်ရာများကို လျှောက်ထားကြသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့သည် အောက်တိုဘာ ၂၉ရက်တွင် ဂယာမြို့ ဗုဒ္ဓဂယာမြန်မာကျောင်း၌ ကျင်းပသည့် ဗုဒ္ဓဂယာ မဇ္ဈိမဒေသ ဒုတိယအကြိမ် မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြရာ အိန္ဒိယနိုင်ငံရှိ မြန်မာဘုန်းတော်ကြီးကျောင်း ၂၂ကျောင်းတို့မှ ကိုယ်စားလှယ်သံဃာတော် ၂၇ပါး ကြွရောက်တော်မူကြသည်။

အမှတ်တရ

အခမ်းအနားတွင် အိန္ဒိယနိုင်ငံဆိုင်ရာ ပရဒေသီ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဗုဒ္ဓဂယာ သာသနာ့နုဂ္ဂဟအသင်း ဩဝါဒါစရိယ၊ ဗုဒ္ဓဂယာ မြန်မာကျောင်းဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ ဒုတိယဝန်ကြီးက ဆရာတော်ထံ ဥတ်သင်္ကန်း၊ ပရိက္ခရာ၊ လှူဖွယ်ပစ္စည်းနှင့် နဝကမ္မ အလှူငွေများကိုလည်းကောင်း သံအမတ်ကြီးက ပရိက္ခရာ၊ လှူဖွယ်ပစ္စည်းနှင့် နဝကမ္မ အလှူငွေများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ရန်ကုန်နှင့် အောင်ချမ်းသာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့တို့မှ အုပ်ချုပ်မှုဒါရိုက်တာများ၊ မြန်မာနိုင်ငံမှ ဘုရားဖူးရောက်ရှိနေကြသူများနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ထို့နောက် ဒုတိယဝန်ကြီးနှင့် သံအမတ်ကြီးတို့က သာသနာရေးဆိုင်ရာများကို လျှောက်ထား၍ ဗုဒ္ဓဂယာ မြန်မာကျောင်းဆရာတော်ထံမှ ကထိန် အနုမောဒနာ တရားနာကြားပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းအခမ်းအနားတွင် အိန္ဒိယနိုင်ငံရှိ မြန်မာဘုန်းတော်ကြီးကျောင်း ၂၂ ကျောင်းနှင့် ယင်းကျောင်းများရှိ ကျောင်းထိုင်ဆရာတော်များအတွက်လည်းကောင်း၊ အိန္ဒိယနိုင်ငံရှိ မြန်မာ ပညာတော်သင်ရဟန်းများ၊ သီလရှင်များအတွက် လည်းကောင်း ရူပီး စုစုပေါင်း ၆၀၃၀၀၀ကို ဗုဒ္ဓဂယာ မြန်မာကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒထံသို့ လှူဒါန်းသည်။

စာရေးတံမဲ

အခမ်းအနားအပြီးတွင် သာသနာရေးဝန်ကြီးဌာန၊ မြန်မာသံရုံးမိသားစု၊ အောင်ချမ်းသာနှင့် ရန်ကုန်ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့နှင့် အလှူရှင်များက လှူဒါန်းသော ပဒေသာပင် ၂၈ပင် တန်ဖိုးငွေ စုစုပေါင်း ကျပ် ၁၄၆သိန်း ငါးသောင်းကို အိန္ဒိယနိုင်ငံရှိ မြန်မာဘုန်းတော်ကြီးကျောင်း အသီးသီးမှ ကြွရောက်တော်မူသော သံဃာတော်များအား စာရေးတံမဲနှိုက်၍ လှူဒါန်းကြသည်။

ယင်းနောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီဟာပြည်နယ်အတွင်းရှိ ဗုဒ္ဓဖြစ်စဉ် နေရာဒေသများသို့လည်းကောင်း၊ ဂယာမြို့မှ ဗာရာဏသီမြို့ ဓမ္မစကြာ တရားဦးဟောရာ မိဂဒါဝုန်သို့လည်းကောင်း သွားရောက် ဖူးမြော်ကြည်ညိုကြသည်။

လေ့လာ

မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၃၀ရက်တွင် မွန်ဘိုင်းမြို့အနီးရှိ အီဂတ်ပူရီမြို့မှ ဆရာကြီးဦးဂိုအင်ကာ တည်ထောင်ဖွင့်လှစ်ထားသည့် ဓမ္မဂီရိရိပ်သာသို့ သွားရောက်လေ့လာကြသည်။

ဗုဒ္ဓဝင်ပြခန်း

နိုဝင်ဘာ ၁ရက်တွင် မွန်ဘိုင်းမြို့ ကမ္ဘာ့ဝိပဿနာစေတီတော်အနီး မြန်မာနိုင်ငံမှ လာရောက်ကြမည့် ဧည့်သည်များ တည်းခိုရန် ဆရာကြီးဦးဂိုအင်ကာ ဦးစီးတည်ဆောက်မည့် ဓမ္မသာလ ဘုန်းကြီးကျောင်းအဆောက်အအုံ ဆောက်လုပ်ရန် မြေနေရာ၌ ကျင်းပသည့် ပန္နက်တော်တင်နှင့် အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြပြီး ယင်းစေတီတော်ပရိဝုဏ်အတွင်းရှိ ဗုဒ္ဓဝင်ပြခန်းဖွင့်ပွဲ အခမ်းအနားသို့လည်း တက်ရောက်ကြကာ ဒုတိယဝန်ကြီးနှင့် သံအမတ်ကြီးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပြန်လည်ရောက်ရှိ

မြန်မာကိုယ်စားလှယ် အဖွဲ့သည် နိုဝင်ဘာ ၂ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၆-၁၁-၂၀၀၉ ရက် (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်

၇း၃၀ ၂။ နံနက်ခင်းသတင်း

၇း၄၀ ၃။ **မြတ်ဂုဏ်တော်သခင်** သန်းမြတ်စိုး (တေးရေး-မောင်မောင်လတ်)

၇း၄၅ ၄။ သံသာချိုအေးမင်္ဂလာတေး

၈း၀၀ ၅။ အကပြိုင်ပွဲ

၈း၁၅ ၆။ ကြေးမုံရိပ်သွင်တေးနယ်ဉ်

၈း၃၀ ၇။ **မင်းမသိသေးပါဘူးကွာ**

၈း၄၀ ၈။ International News

၈း၄၅ ၉။ တေးဂီတအစီအစဉ်

၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ Myanmar National League MNL (2009) ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် **ရတနာပုံအသင်းနှင့် မကွေးအသင်း**

၄း၅၀ ၂။ တေးဂီတအစီအစဉ်

၅း၀၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (သင်္ချာပညာ အထူးပြု) (သင်္ချာ)

၅း၁၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ

၅း၂၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၅း၂၅ ၆။ နှောင်းခေတ်တေးပဒေသာ

၅း၃၅ ၇။ ပဋ္ဌာလက်ကျောင်းတော်

၆း၀၀ ၈။ ညနေခင်းသတင်း

၆း၁၅ ၉။ မိုးလေဝသအခြေအနေ

၆း၂၀ ၁၀။ သုတစုံလင်ရွှေဉာဏ်ရှင်

၇း၀၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလောင်းရိပ်**(အပိုင်း-၁၀)

၈း၀၀ ၁၂။ ပြည်တွင်းသတင်း

၁၃။ နိုင်ငံတကာသတင်းများ

၁၄။ မိုးလေဝသအခြေအနေ

၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၇၂)

၁၆။ သီချင်းချစ်သူ(မိုးမိုး)

သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် ငွေလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၅

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပမည့် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် ယနေ့တွင် ဒေါက်တာဒေါ်ခင်ခင်ရီ (ရှိုင်းဟုတ်ကုမ္ပဏီ)က ငွေကျပ် ၈၁၇၀၀၀၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးက ငွေကျပ် ၃၀၀၀၀၀၊ ဗိုလ်မှူးကြီးအောင်ငြိမ်း(ငြိမ်း)-ဒေါ်စန်းစန်းလွင်မိသားစု၊ စာရေးဆရာ ဦးချစ်နိုင် (ချစ်နိုင်စိတ်ပညာ)နှင့် နိုင်စာပေ၊ ဒုတိယဗိုလ်မှူးကြီး အုန်းမောင်(ငြိမ်း) (မြင်းမူ မောင်နိုင်မိုး)-ဒေါ်ခင်အေးမူ၊ ဦးကျော်ဝင်း (မနုသကျော်ဝင်း)၊ သမားတော်ကြီး ဦးအောင်ဇေယျာမင်း (အောင်ဇေယျာမင်း)နှင့် ဦးခင်မောင်သန်း(ဇန်ဇန်) နံနက်ခင်း ဂျာနယ်တို့က ငွေကျပ် ၁၀၀၀၀၀ စီ၊ ဦးအောင်မင်း(မင်းရိုးယဉ်)နှင့် သားများ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့က ငွေကျပ် ၂၀၀၀၀စီ၊ အလုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၁၀၀၀၀၊ လက္ခဏာဆရာကြီး ဒေါက်တာဦးစံတင်အောင်(ရွှေဘို)က ငွေကျပ် တစ်သိန်းငါးသောင်း တန်ဖိုးရှိ လက်ဆွဲအိတ်များ၊ ခိုင်သဇင်ကုမ္ပဏီက ငွေကျပ် တစ်သိန်းတန်ဖိုးရှိ လက်ဖက်ခြောက်ထုပ်များ၊ ဒေဝယက္ခဆေးဝါးထုတ်လုပ်ရေးနှင့် သမားတော်ကြီးဦးမြင့်သိန်း (တိုင်းရင်းဆေး)တို့က ငွေကျပ်တစ်သိန်းစီတန်ဖိုးရှိ တိုင်းရင်းဆေးများ၊ မြန်မာနိုင်ငံ နက္ခတ်ဗေဒင်ပညာရှင်များအဖွဲ့နှင့် မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့တို့က ငွေကျပ်တစ်သိန်းငါးသောင်းစီ တန်ဖိုးရှိ ၂၀၁၀ခုနှစ် ပြက္ခဒိန်များကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး)နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်းနှင့် ၃၇လမ်းထောင့် စာပေဗိမာန် ဒုတိယထပ် ဖုန်း-၀၁-၂၅၂၄၁၇နှင့် ၀၁-၃၈၅၂၇၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မကွေးတိုင်း နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့်အဖွဲ့ မြို့မဈေးကြီးအတွင်း ကျူးကျော်ဆိုင်ခန်းများ ရှင်းလင်းခြင်း၊ ဈေးသည်များ စည်းကမ်းစနစ်ကျနစွာ ရောင်းချရေးနှင့် မီးဘေးအန္တရာယ် လုံခြုံရေးအတွက် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်စုစည်းသည်

တရုတ်ကမ်းလွန်၌ အီရန်ရေနံတင်သင်္ဘော နှစ်ပိုင်းကျိုးပြတ်

တရုတ်နိုင်ငံ ကျီကျင်းပြည်နယ် ကျို့ရှန်မြို့အနီးကမ်းလွန်၌ အီရန်ရေနံတင်သင်္ဘောတစ်စင်းကို အလွန်ကြီးမားသော ရေလှိုင်းကြီးများရိုက်ခတ်ခံရမှုကြောင့် နိုဝင်ဘာ ၅ရက်က သင်္ဘောနှစ်ပိုင်းကျိုးပြတ်သွားခဲ့ကြောင်း၊ ရေနံများယိုဖိတ်မှုကြောင့် ရှင်းလင်းမှုများပြုလုပ်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ ***(အောက်ပုံ)***

ပနားမားမြို့တော်တွင် ရေလွှမ်းမှုဖြစ်ပွား

ပနားမားနိုင်ငံ ပနားမားစီးတီးမြို့တွင် နိုဝင်ဘာ ၅ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမှုများ ဖြစ်ပေါ်ခဲ့ရာ အိမ် ၁၀၀ကျော် ရေနစ်မြုပ်ခဲ့ကြောင်း၊ မော်တော်ကားလမ်းများ ရေလွှမ်းနေသဖြင့် သွားလာရေးပြတ်တောက်လျက်ရှိကြောင်း ပနားမားအရာရှိများက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ ပန်ကတ်ဂျာယာဒေသ၌ ရာသီဥတုဆိုးရွား၍ လေယာဉ်ငယ်ပျက်ကျ

အင်ဒိုနီးရှားနိုင်ငံ ပန်ကတ်ဂျာယာဒေသတွင် နိုဝင်ဘာ ၅ရက်က ရဲတပ်ဖွဲ့လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ လေးဦးသေဆုံးခဲ့ကြောင်း၊ ယင်းလေယာဉ်မှာ ရာသီဥတုဆိုးရွားမှုကြောင့် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့က ပြောကြားသည်။

တရုတ်- ဂျပန် စီးပွားရေးညီလာခံ စတင်ကျင်းပ

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ်နှင့် ဂျပန်နိုင်ငံတို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ညီလာခံတစ်ရပ်ကို တိုကျိုမြို့၌ နိုဝင်ဘာ ၅ရက်တွင် စတင်ကျင်းပကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာတန်ဖိုးများကျဆင်းခဲ့

ကမ္ဘာ့ဈေးကွက်တွင် အမေရိကန်ဒေါ်လာတန်ဖိုးများ ကျဆင်းလျက်ရှိရာ ဂျပန်ဈေးကွက်၌ နိုဝင်ဘာ ၅ရက် ဈေးပိတ်ချိန်တွင် ဂျပန်ယန်း ၉၀လျှင် အမေရိကန်တစ်ဒေါ်လာဖြစ်ခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှားအရှေ့ပိုင်း၌ လျှပ်စစ်ပြတ်တောက်ပြီး အိမ်အချို့ပျက်စီး

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းဒေသတွင် နိုဝင်ဘာ ၅ ရက် နံနက် ၁၁နာရီခန့်က ရစ်ချ်တာစကေး ၆ အဆင့်ရှိသော လျှပ်စစ်ပြတ်တောက်သွားကြောင်း၊ နေအိမ်အချို့ ပျက်စီးခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ မိုးလေဝသဌာနက သတင်းထုတ်ပြန်သည်။

မလေးရှား၌ နိုင်ငံတကာစားအုန်းဆီညီလာခံကျင်းပမည်

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ နိုင်ငံတကာ စားအုန်းဆီ ညီလာခံကို နိုဝင်ဘာ ၉ရက်မှ ၁၂ရက်အထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း မလေးရှား အရာရှိများက နိုဝင်ဘာ ၅ရက်၌ ပြောကြားသည်။

ကမ္ဘာလှည့်ခရီးသွားများလေယာဉ်ငယ်တစ်စင်း နီပေါအရှေ့ပိုင်း၌ ပျက်ကျ

နီပေါနိုင်ငံအရှေ့ပိုင်း ဆယန်ဘိုချီမြို့လေဆိပ်တွင် အဆောက်အအုံနံရံတစ်ခုနှင့် တိုက်မိပြီး နိုဝင်ဘာ ၅ရက်က လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ကြောင်း၊ လေယာဉ်ပေါ်တွင် ကမ္ဘာလှည့်ခရီးသွားငါးဦးနှင့် လေယာဉ်အမှုထမ်းနှစ်ဦးတို့ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြောင်း နီပေါအရာရှိများက ပြောကြားသည်။ (အပေါ်ပုံ)

တတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၅

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၉ခုနှစ် တတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို နိုဝင်ဘာ၃ရက် နံနက်ပိုင်းနှင့် ညနေပိုင်းတို့က နေပြည်တော်အားကစားကွင်း၌ကျင်းပရာ နံနက် ၇နာရီ ပွဲစဉ်တွင် (စ)အုပ်စုမှ ပြန်ကြားရေးဝန်ကြီးဌာနအသင်းက ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို သုံးပွဲ-ပွဲမရှိဖြင့်လည်းကောင်း၊ (င)အုပ်စုမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက သတ္တုတွင်းဝန်ကြီးဌာနအသင်းကို သုံးပွဲ-ပွဲမရှိဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

အနိုင်ရ

ညနေ၃နာရီပွဲစဉ်တွင် (ဆ)အုပ်စုမှ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအသင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအသင်းကို သုံးပွဲ-ပွဲမရှိဖြင့်လည်းကောင်း အနိုင်ရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ ရန်ကုန်တိုင်းအတွင်းရှိ တပ်ဖွဲ့ဝင်နှင့်မိသားစုများအား ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ အမှာစကားပြောကြားစဉ်။ (ရဲတပ်ဖွဲ့)

ရန်ကုန်တိုင်းအတွင်းရှိ တပ်ဖွဲ့ဝင်နှင့် မိသားစုများ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ တွေ့ဆုံအမှာစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၅

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီသည် နိုဝင်ဘာ၃ရက် မွန်းလွဲ ၁နာရီခွဲက ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းအတွင်းရှိ တပ်ဖွဲ့ဝင်နှင့် မိသားစုများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ တိုင်းရဲတပ်ဖွဲ့မှူး၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ ဌာနခွဲမှူးများ၊ ဦးစီးအရာရှိများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် တပ်ဖွဲ့ဝင်မိသားစုများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောက်တိုဘာ ၁၁ရက်က မိတ္ထီလာမြို့နယ်ရန်မျိုးအောင်ရပ်ကွက်ဘုန်းကြီးကျောင်းလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းခွင်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်း အင်ဂျင်နီယာ-၂ ဒေါ်ပိုပိုချစ် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

သံတွဲမြို့နယ် လမ်းပြကြယ်စာကြည့်တိုက် ပန္နက်တင်

သံတွဲ နိုဝင်ဘာ ၅

သံတွဲမြို့နယ် ကျောက်ကြီးကျေးရွာ လမ်းပြကြယ်စာကြည့်တိုက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၂၆ရက် နံနက် ၉ နာရီက စာကြည့်တိုက် ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပသည်။

ပန္နက်တင်

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့်အဖွဲ့ဝင်များ၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဘိုဘိုဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့်အဖွဲ့ဝင်များ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိမိ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းမြင့်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်နိုင်ဦးနှင့်အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များက လမ်းပြကြယ်စာကြည့်တိုက်ကို ပန္နက်တင်ပေးကြသည်။ **(အောက်ပုံ) (ခရိုင် ပြန်/ဆက်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ခမ်းမြို့နယ် စာရေးတန်းရပ်ကွက်ရှိ အရှည်ပေ ၇၈၀၊ အကျယ် ၁၂ပေရှိ န၀ရတ်ရိပ်သာလမ်းကို အလှူရှင် ဦးအောင်ထွန်းက ငွေကျပ်၆၅သိန်း အကုန်အကျခံကာ ကတ္တရာလမ်းသစ်ခင်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောမြင့်ထွန်း၊ ဒုတိယလက်ထောက် အင်ဂျင်နီယာ ဦးညွှန့်ရွှေတို့ အလှူရှင်နှင့်အတူ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (၁၂၃)

စိန်ဂေဟာစင်တာ အရောင်းပွဲတော်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၅

ရန်ကုန်မြို့ ပြည်လမ်း စိန်ဂေဟာ၌ အောက်တိုဘာ ၃၀ရက်မှ နိုဝင်ဘာ ၈ရက်အထိနှင့် လှည်းတန်း စိန်ဂေဟာစင်တာ၌ နိုဝင်ဘာ ၁ရက်မှ ၈ရက်အထိ Wedding & Wedding Gift Fair Promotion အရောင်းပွဲတော်များ ကျင်းပလျက်ရှိပြီး မင်္ဂလာပွဲနှင့်သက်ဆိုင်သမျှအားလုံး ရရှိနိုင်အောင် စီစဉ်ရောင်းချပေးနေသည်။ **(အောက်ပုံ)**

အထူးလက်ဆောင်

အရောင်းပွဲတော်တွင် အမျိုးသမီးများအတွက် ရွှေယမင်းနှင့် Sein အမှတ်တံဆိပ် ပိုးထည်ပစ္စည်းမျိုးစုံ၊ Heatwave, Lily Shoe, Shoe Gallery, Essence အမှတ်တံဆိပ် ဖိနပ်မျိုးစုံ၊ Papillon Fashion Shop, ELLE, Dunlop အိတ်မျိုးစုံ၊ Fancy တံဆိပ်မျိုးစုံ၊ Adidas ရေမွှေးနှင့် အသုံးအဆောင်များ၊ အမျိုးသားများအတွက် Daniel Lewis, Bewitch, CNC စသည့် ရှပ်အင်္ကျီမျိုးစုံနှင့် ပစ္စည်းမျိုးစုံ၊ လက်ဆောင်ပေးရန် ကြွေထည်၊ ဖန်ထည်၊ ပရိဘောဂ၊ လျှပ်စစ်ပစ္စည်းမျိုးစုံတို့ကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိပြီး ငွေကျပ် ၃၀၀၀၀ဖိုးဝယ်ယူပါက အထူးလက်ဆောင် စီစဉ်ပေးထားသည်။

ရွေးချယ်နိုင်

ချစ်သူစုံတွဲများအတွက် စိတ်ကြိုက်ရွေးချယ်နိုင်သည့် Forever (Wedding Dress & Photo Studio) ၏ မင်္ဂလာဝတ်စုံပြသမှုအစီအစဉ်များ၊ အထူးအစီအစဉ်အနေဖြင့် မင်္ဂလာလက်ဆောင်ပေးရန် Sein Gay Har Gift Voucher ကျပ်ငါးထောင်မှစ၍ တန်ဖိုးအလိုက် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသမီးများအတွက် အခြေခံအင်္ဂလိပ်စာ သင်တန်းဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ပညာရေးလုပ်ငန်းအဖွဲ့ခွဲက စီစဉ်ကြီးကြပ်၍ အမျိုးသမီးများအတွက် အခြေခံအင်္ဂလိပ်စာ သင်တန်းကို စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ နိုဝင်ဘာ ၁၄ရက်မှ ဒီဇင်ဘာ၂၇ရက်အထိ အပတ်စဉ် (စနေ၊ တနင်္ဂနွေနေ့)များတွင် နံနက် ၈ နာရီမှ ၁၀ နာရီအထိ ရက်သတ္တ ခုနစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ရာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများနှင့်ဘွဲ့ရရှိပြီးသူများ လျှောက်ထားနိုင်ပြီး သင်တန်းဝင်ခွင့်ပုံစံများကို နိုဝင်ဘာ ၉ရက်မှ ၁၁ရက်အထိ အထက်ပါကျောင်း၌ ရယူနိုင်ကြောင်းနှင့် အသေးစိတ်ကို ဖုန်း-၅၃၅၄၉၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖြူးအထက(၁) အမျိုးသားကျောင်း နှစ်၉၀ပြည့်နှင့် (၁၀)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ဖြူး နိုဝင်ဘာ ၅

ဖြူးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အမျိုးသားကျောင်း (၁၉၂၀)ကျောင်းသား ကျောင်းသူဟောင်းများ၏ ကျောင်းနှစ်(၉၀)ပြည့် အထိမ်းအမှတ်ပွဲနှင့်(၁၀)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ၊ မိတ်ဆုံညစာစားပွဲ ပျော်ပွဲရွှင်ပွဲများကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၂ရက်နှင့်၃ရက်တွင် ကျင်းပမည်ဖြစ်သည်။ မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ၃ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ယင်းကျောင်း၏ အမျိုးသားကျောင်းဆောင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါကျောင်းတွင် ၁၉၂၀မှ၁၉၉၀ပြည့်နှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၃၁ရက်တွင် အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ကန်တော့ခံဆရာကြီး ဆရာမကြီး ၁၀၅ဦးအား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီ ပူဇော်ကန်တော့မည်ဖြစ်သည်။ တက်ရောက်လာသည့်ဆရာကြီး ဆရာမကြီးများအား ပထမဆု ငွေကျပ်ငါးသိန်းအပါအဝင် သိန်းဆုကံစမ်းမဲများ၊ လက်ဆောင်ပစ္စည်းများ မဲဖောက်၍ နှစ်စဉ်မပျက် ထပ်မံပူဇော်ကန်တော့မည်။ ရပ်ဝေးဆရာကြီး ဆရာမကြီးများအတွက် လမ်းစရိတ်၊ နေထိုင်စားသောက်ရေး(ကျန်းမာရေးအတွက်) အဖော်တစ်ဦးအတွက်ပါ စားစရိတ်ကျခံပေးမည်။

ပေးပို့လှူဒါန်း

ဆက်သွယ်လှူဒါန်းလိုပါက ဦးအင်းရောက်(ဥက္ကဋ္ဌ) ဖုန်း-၀၅၄-၄၀၅၇၈၊ ဦးမိုက်ကယ်တင်ဌေး(ဒုတိယဥက္ကဋ္ဌ)ဖုန်း-၀၅၄-၄၀၃၂၇၊ ဒေါက်တာခင်မောင်မြင့်ကျော်(ဒုတိယဥက္ကဋ္ဌ)ဖုန်း-၀၅၄-၄၀၃၇၆၊ ဦးသက်နိုင်(အတွင်းရေးမှူး)ဖုန်း-၀၅၄-၄၀၁၂၃၊ ဦးညွန့်ဝေ ဖုန်း-၀၅၄-၄၀၁၂၄၊ ဦးသက်ထွန်း(ဘဏ္ဍာရေးမှူး)ဖုန်း-၀၅၄-၄၀၅၇၅၊ ၀၉-၆၃၀-၇၁၃၂၊ ဦးမြင့်ထွန်း ဖုန်း-၀၉-၅၀၁-၀၃၈၇၊ ဗိုလ်ကြီးအောင်သန်း(ငြိမ်း) ဖုန်း-၀၉-၅၁၄-၅၂၆၆၊ ဦးမြဦး ဖုန်း-၀၁-၆၆၀၁၃၁၊ ဦးမြဦး ဖုန်း-၀၁-၂၂၉၉၄၅ နှင့် ဦးစန်းလွင် ဖုန်း-၀၂-၃၂၃၇၈ တို့သို့ ပေးပို့လှူဒါန်းနိုင်သည်။

ဆရာ ဆရာမကြီးများထံ ဖိတ်စာပေးပို့နိုင်ရန် နေရပ်အပြောင်းအလဲရှိပါက လိပ်စာအပြည့်အစုံကို ဦးသက်ထွန်း(ဘဏ္ဍာရေးမှူး)ထံပေးပို့နိုင်သည်။ **(မြန်မာ့အလင်း)**

ကျောက်တလုံးကြီး၌ စာဖတ်ရှုမြင့်တင်ရေး စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေး

ကျောက်တလုံးကြီး နိုဝင်ဘာ ၅

တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် အောက်တိုဘာ ၁၅ရက် နံနက် ၁၀နာရီက စာဖတ်ရှုမြင့်တင်ရေး စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေးပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းဆိုင်စိန်နှင့် ဝန်ထမ်းများက စာဖတ်ရှုမြင့်တင်ရေး စာကြည့်တိုက်များတွင် ကိုက်ညီရမည့် စံ(၅)ချက်နှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ဖတ်ကြားကြပြီး ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။ ***(မြို့နယ် ပြန်/ဆက်)***

မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်လျက်ရှိသည့် ဝမ်ပါမန်းရွာ ကျေးလက်တံတားဆောင်ရွက်မှုကို အောက်တိုဘာ ၂၈ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

သန်လျင် အထက(၁) မြတ်ဆရာပူဇော်ပွဲ ကျင်းပရေး အလှူငွေပေးအပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၅

သန်လျင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ သက်ပြည့်အငြိမ်းစားယူသွားကြသော ဆရာကြီး ဆရာမကြီး ၁၁၀တို့အား (၂၅)ကြိမ်မြောက် ငွေရတု မြတ်ဆရာပူဇော်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၆ရက်က အထက(၁) သုတဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ပူဇော်ပွဲကျင်းပရေးနာယက ဦးတင်ဝင်းက ငွေရတုမြတ်ဆရာပူဇော်ပွဲ ဖြစ်သည်နှင့်အညီ ခမ်းနားသိုက်မြိုက်စွာ ပူဇော်ကန်တော့နိုင်ရေး ဆွေးနွေးမှာကြားပြီး ကျောင်းသားဟောင်း ဦးဇော်မြင့်-ဒေါ်သီသီနိုင်နှင့် မိသားစုဝင်များက မြတ်ဆရာပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် အလှူငွေကျပ်သုံးသိန်းကိုပူဇော်ပွဲကျင်းပရေး ကော်မတီ အတွင်းရေးမှူး ဦးမောင်မောင်တိုးထံ ပေးအပ်လှူဒါန်းသည်။(**ယာပုံ**)

ယင်းနောက် တက်ရောက်လာသော ကော်မတီဝင်များက ၂၀၁၀ခုနှစ် ဇန်နဝါရီ ၉ရက် (စနေနေ့)တွင် (၂၅)ကြိမ်မြောက် ငွေရတုပူဇော်ပွဲကျင်းပရန် ညှိနှိုင်းဆုံးဖြတ်ကြသည်။

သန်လျင် အထက(၁)၏ (၂၅)ကြိမ်မြောက် ငွေရတုမြတ်ဆရာပူဇော်ပွဲသို့ ရပ်နီးရပ်ဝေးမှ ကျောင်းသားဟောင်းများအနေဖြင့် ဦးတင်ဝင်း(အဖွဲ့ခွဲမှူး-ငြိမ်း၊ သိပ္ပံနှင့်နည်းပညာ) ဖုန်း-၀၅၆-၂၁၃၃၇၊ ဒေါက်တာဦးဝင်း(ပါမောက္ခချုပ်-ငြိမ်း)ဖုန်း-၀၅၆-၂၂၅၄၂၊ ဦးမြင့်ထူး (တတိယမျက်လုံး)ဖုန်း-၀၅၆-၂၁၂၄၇၊ ဦးစိန်လွင်(သီဟဆေးမျိုးစုံ) ဖုန်း-၀၉-၅၁၂-၇၀၅၉၊ ဦးမောင်မောင်တိုး (ရာဇသောက်ရေသန့်)ဖုန်း-၀၉-၅၀၁-၁၇၀၇၊ ဦးထွန်းထွန်းဦး(ဓမ္မရောင်ခြည်-၆၈)ဖုန်း-၀၉-၅၁၅-၂၈၉၅နှင့် ဦးကြည်မင်း (P.A.G. Co.,Ltd.)ဖုန်း-၀၉-၈၀-၂၄၂၁၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စာပေဗိမာန်ထုတ် သုတပဒေသာစာစောင်ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၅

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေသော ၂၀၀၉ ခုနှစ် နိုဝင်ဘာလထုတ် သုတပဒေသာစာစောင် အတွဲ (၃၆)၊ အမှတ် (၁၁)ကို ဘာသာပြန်စာပေစိတ်ဝင်စားသည့် စာဖတ်ပရိသတ်အတွက် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ဗဟုသုတမျိုးစုံ

ယခုလထုတ် သုတပဒေသာစာစောင်တွင် စာပေပညာရှင်ကြီးများဖြစ်သည့် ဦးဘသန်း(မဟာဝိဇ္ဇာ)၊ ဒေါက်တာကျော်စိန်၊ ဒေါက်တာခင်မောင်ညွန့်၊ ပါရဂူ၊ မောင်ပေါ်ထွန်း၊ ဌေးမောင်၊ မြတ်ငြိမ်း၊ မောင်မြင့်ကြွယ်၊ တင်မောင်မြင့်၊ အောင်ချိန်ဘွား၊ မြသိန်း၊ ခင်စောတင့်၊ ဒေါက်တာမြင့်သန်း (သန္တေသား)၊ကေကေ(မဟာဝိဇ္ဇာ)၊မြတ်မင်း၊ တက္ကသိုလ်မိုးမြင့်၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ စိုးသီဟနောင်၊ ဦးငွေသိန်း (ကုမ္ပဏီလမ်းညွှန်)၊ မောင်လှိုင်းသစ်၊ ကံမြင့်(ရေဒါ)၊ ဦးတင်ရှိန်၊ ကျော်စိန်ညွန့်၊ မြသင်းဟန်၊ စိန်ဝင်းနွယ်၊ လှတိုး(စိတ်ပညာ)၊ မြဟန်သိန်းမောင်၊ စိန်ဝင်းမော်၊ မြင့်ဦးမောင်၊ ဒေါက်တာလွှမ်းမိုးဟန်၊ ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)၊ မောင်သိန်းလှိုင်၊ ဆန်းလွင်ဦး(ဖွဲကပင်မြေ)၊ မြင့်လွင်(ဂျပန်ဘာသာ)၊ ကိုဆွေ(ပန်းနှီးရားမား)၊ လှဲ့လှဲ့ဝင်း (သတ္တဗေဒ)စသည့် စာရေးဆရာများ၏ ဘာသာပြန်ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုများ၊ ဝေါဟာရညာဏ်စမ်းပဟေဠိ၊ ထူးဆန်းထွေလာဤမြေကမ္ဘာ၊ ရှေးခေတ်နက္ခတ်ပညာ၊ နိုင်ငံတကာရေးရာနှင့်ပတ်သက်၍ မျက်မှောက်ရေးရာ သတင်းမှတ်စု၊ ရာသီဥတုပြောင်းလဲခြင်းနှင့် ကျန်းမာရေး၊ ဖြစ်ရပ်မှန်ကြေကွဲဖွယ်ရာပင်လယ်ထဲမှာ၊ ဘာသာရေးဆိုင်ရာ ပြဿနာနှင့် သဘာဝ၊ ယဉ်ကျေးမှုရေးရာ မြန်မာသီရိလင်္ကာဆက်ဆံရေး၊ လေကြောင်း ဗဟုသုတဖြစ်ဖွယ်အာဆီယံလေကြောင်းလိုင်းများ၊ လူမှုရေးဗဟုသုတဖြစ်ဖွယ် ဂျပန်နိုင်ငံ သက်ကြီးရွယ်အိုစောင့်ရှောက်မှု၊ အင်္ဂလိပ်စာ ဗဟုသုတများပေးစွမ်းနိုင်သော ဒိုင်ယာရီမှ သင်ခန်းစာများ၊ အင်္ဂလိပ်စကားပုံ ဖွံ့ဖြိုးဝေစည် အတွေးများအပြင် လစဉ်ပါနေကျဖြစ်သော ဘာသာပြန်ကဗျာ၊ ဟာသ၊ သတင်းသုတ၊ နိုင်ငံတကာ မြင်ကွင်း၊ သုတတိုထွာ၊ ကမ္ဘာ့မူးယစ်ဆေးဝါးသတင်း အစရှိသော ဗဟုသုတဖြစ်ဖွယ်၊ သိမှတ်ဖွယ် အကြောင်းအရာမျိုးစုံ ပါရှိသည်။

ဆက်သွယ်ဝယ်ယူနိုင်

၂၀၀၉ ခုနှစ် နိုဝင်ဘာလထုတ် သုတပဒေသာစာစောင်ကို ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်များနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားဝယ်ယူလိုပါက စာပေဗိမာန်အရောင်းဌာန အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မကွေးတိုင်း ဆိပ်ဖြူမြို့နယ် ထိန်ကန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ ဖွင့်ပွဲကို အောက်တိုဘာ ၂၄ရက်ကကျင်းပရာ လက်ထောက် တိုင်းပညာရေးမှူး (စစ်ဆေးရေး)ဦးခင်မောင်မြင့်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်နိုင်နှင့် မြို့နယ်ပညာရေးမှူး ဦးဗိုလ်ငွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာ အခြေခံသင်တန်းဖွင့်

မန္တလေး နိုဝင်ဘာ ၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်းအမှတ်စဉ်(၁၃)သင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃ရက် နံနက်၉နာရီက မန္တလေးတိုင်း ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ထွန်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲသို့ မန္တလေးတိုင်း ပြည်တွင်းအခွန်များဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ဇေယျနှင့်ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများ၊ ဦးစီးအရာရှိများ၊ သင်တန်းနည်းပြများနှင့် အထက်မြန်မာပြည်မှ သင်တန်းသား၊သင်တန်းသူများ စုစုပေါင်း၄၀ တက်ရောက်ကြပြီး သင်တန်းကာလကို ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးကိုယ်ပွား)**

ရေဦးမြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးဗိုလ်လု

ရေဦး နိုဝင်ဘာ ၅

ရေဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲကို ရေဦး မြို့မအားကစားကွင်း၌ အောက်တိုဘာ ၁၅ရက်က ပုဏ္ဏကား ကျေးရွာဘောလုံးအသင်းနှင့် အင်ကောကျေးရွာ ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ရာ ပုဏ္ဏကားကျေးရွာ ဘောလုံးအသင်းက အင်တောကျေးရွာ ဘောလုံးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားပြီး ဆုပေးပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတိုးတိုးထွန်းက ပထမဆုရရှိသော ပုဏ္ဏကားကျေးရွာ ဘောလုံးအသင်းခေါင်းဆောင်အား တံခွန်စိုက်ဖလားနှင့် ဆုငွေကျပ်ငါးသိန်း ပေးအပ်ချီးမြှင့်သည်။ **(၀၃၄)**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များ စာဌားစနစ်ကျင့်သုံးရေး အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၈ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်က စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးရေး၊ စာအုပ်စာစောင်တိုးပွားရေး ရှင်းလင်းပြောကြားစဉ်။ (မြို့နယ်ပြန်/ဆက်)

စိမ်းလန်းကမ္ဘာ အသိအမှတ်ပြု ဂုဏ်ပြုလက်မှတ် ဆီဒိုးနားဟိုတယ်(ရန်ကုန်)နှင့် (မန္တလေး)တို့ ရွေးချယ်ချီးမြှင့်ခံရ

ရန်ကုန် နိုဝင်ဘာ ၅

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းမှု လုပ်ငန်းများနှင့်စပ်လျဉ်းပြီး ရွေးချယ်သည့်စိမ်းလန်းကမ္ဘာအသိအမှတ်ပြု ဂုဏ်ပြုလက်မှတ်ကို ဆီဒိုးနားဟိုတယ် (ရန်ကုန်)နှင့် ဆီဒိုးနားဟိုတယ် (မန္တလေး)တို့က မြန်မာနိုင်ငံအတွက် ပထမဆုံးရွေးချယ်ချီးမြှင့်ခြင်းခံရသည်။

မှတ်ကျောက်တင်ခံရ

အဆိုပါ ဟိုတယ်နှစ်ခုလုံးသည် ကမ္ဘာနှင့်အဝန်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများကို အကဲဖြတ်လျက်ရှိသော စိမ်းလန်းကမ္ဘာအဖွဲ့ (Green Globe International Inc.) မှ တရားဝင်အသိအမှတ်ပြုထားသော စောင့်ကြည့်လေ့လာစစ်ဆေးသူများက စွမ်းအင်နှင့် ရေအသုံးပြုမှုဆိုင်ရာများ၊ စွန့်ပစ်ပစ္စည်းစီမံမှုများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပါဝင်ဆောင်ရွက်မှုများကို တိကျသေချာစွာလေ့လာဆန်းစစ်မှုများအဖြစ် မှတ်ကျောက်တင်ခံရပြီးမှ အဆိုပါအသိအမှတ်ပြု ဂုဏ်ပြုလက်မှတ်ကို ရရှိခဲ့ခြင်းဖြစ်သည်။

စောင့်ကြည့်

စိမ်းလန်းကမ္ဘာအဖွဲ့သည် ကမ္ဘာတစ်ဝန်းရှိ စိမ်းလန်းကမ္ဘာ အမှတ်အသားများ၏ပိုင်ရှင်ဖြစ်ပြီး စောင့်ကြည့်လေ့လာရေးနှင့် အသိအမှတ်ပြု ဂုဏ်ပြုလက်မှတ်များ ထုတ်ပေးနေသောအဖွဲ့ဖြစ်သည်။

ယင်းအဖွဲ့သည် ဟိုတယ်လုပ်ငန်းများတွင် ပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအဆင့်အတန်းများအတွက် ပူးပေါင်းတာဝန်ယူမှုများအပေါ် အကဲဖြတ်လေ့လာပြီး ကမ္ဘာတစ်ဝန်းမှ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး အထောက်အကူပြုမှုဆိုင်ရာစံများ၊ လက်တွေ့ကျင့်သုံးမှုများနှင့် ယှဉ်ထိုးကာ ရွေးချယ်ဂုဏ်ပြုလျက်ရှိသည်။ အဆိုပါအဖွဲ့သည် ကမ္ဘာ့ကုလသမဂ္ဂခရီးသွားအဖွဲ့၏ လက်အောက်ခံ အဖွဲ့တစ်ခုလည်းဖြစ်သည်။

တိုးမြှင့်ဆောင်ရွက်မည်

ယင်းဂုဏ်ပြုချီးမြှင့်မှုနှင့် စပ်လျဉ်း၍ Sedona Hotel International ၏ အကြီးတန်းဒုတိယဥက္ကဋ္ဌ Mr. Vincent Tan က ဆီဒိုးနားဟိုတယ်(ရန်ကုန်)နှင့် ဆီဒိုးနားဟိုတယ်(မန္တလေး)တို့ ယခုကဲ့သို့ မြန်မာနိုင်ငံအတွက် ပထမဆုံး Green Globe အသိအမှတ်ပြုဟိုတယ်များအဖြစ် ရွေးချယ်ခံရခြင်းကိုအထူးဂုဏ်ယူဝမ်းမြောက်မိကြောင်းနှင့် ဆက်လက်ပြီး ဟိုတယ်များ၏ အရည်အသွေးကို ကောင်းသည်ထက်ကောင်းအောင် မွမ်းမံသွားမည့်အပြင် ပတ်ဝန်းကျင်စောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများကိုလည်း ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အရည်အသွေး

ဆီဒိုးနားဟိုတယ် (ရန်ကုန်)၏ အထွေထွေမန်နေဂျာ Mr. Saman Sarathchandra က ဟိုတယ်ဝန်ထမ်းများကို ၄င်းတို့နေထိုင်လျက်ရှိသော မြေကမ္ဘာနှင့် သဘာဝလောက၏ကျေးဇူးကို ပိုမိုနားလည်လာစေရန်နှင့် ချစ်မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်တတ်စေရန် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ ချီးမြှင့်မှုအပေါ်တွင် အထူးဂုဏ်ယူမိသည့်အပြင် အရည်အသွေးများကိုလည်း ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြောကြား

ဆီဒိုးနားဟိုတယ် (မန္တလေး) ၏ Operation Manager Mr. Koichi Tanaka ကလည်း ယခုကဲ့သို့ အသိအမှတ်ပြု ချီးမြှင့်ခံရမှုအပေါ်တွင် အထူးဂုဏ်ယူဝမ်းမြောက်မိကြောင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှုများအတွက် ဆက်လက်လုပ်ဆောင်သွားမည်ဟု သိရသည်။ **(သတင်းစဉ်)**

ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ရည်ရွယ်ချက်ရှိရှိ ဖိဖိစီးစီးဆောင်ရွ
ဒေသခံပြည်သူများ၏ အခြေအနေမှာ ဘဝသစ်၊ အခြေအနေသစ်သို့စတင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဇလွန်မြို့ရှိ မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီးအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

လှည့်လည်ကြည့်ရှု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် နံနက်ဇနာရီတွင် ပုသိမ်မြို့ရှိ ငဝန်မြစ်ကူး ပုသိမ်တံတားပတ်ဝန်းကျင် အခြေအနေ၊

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

ပုသိမ်မြို့၏ စည်ပင်ဖွံ့ဖြိုးတိုးတက်နေမှုနှင့်သန့်ရှင်းသပ်ရပ်သာယာမှု အခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် ပုသိမ်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြရာ နံနက်၁၀နာရီ မိနစ်၄၀တွင် ဧရာဝတီတိုင်း ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်ရှိ ကညင်ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြပြီး စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုကြသည်။

နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ကညင်ရေလှောင်တမံ စီမံကိန်းတည်နေရာ၊ ရေသောက်ဧရိယာအကျယ်အဝန်း၊ ကန်ရေပြည့်ရေလှောင်ပမာဏနှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ ပင်မတမံ တည်ဆောက်ခြင်းလုပ်ငန်းများ တည်ဆောက်မှုအခြေအနေ၊ ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင်တည်ဆောက်ခြင်းလုပ်ငန်း၊ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းများ အခြေအနေကိုလည်းကောင်း၊ ရေပေးတူးမြောင်းများမှတစ်ဆင့် အသေးစား ရေအားလျှပ်စစ် ထုတ်လုပ်ခြင်းနှင့် ရေ့ပြေးခေတ်မီ လယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေကိုလည်းကောင်း၊ ပင်မတမံ၌ ၂ဒသမ၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် ရေအားလျှပ်စစ် တာဘိုင်စက်နှစ်လုံးတပ်ဆင်၍ ရေအားလျှပ်စစ် ၅မဂ္ဂါဝပ် ထုတ်လုပ်မည့် အစီအစဉ်တို့ကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်အကြီးအကဲက စီမံကိန်းလုပ်ငန်းများကို စောနိုင်သမျှစော၍ ပြီးစီးအောင်ဆောင်ရွက်ရန်၊ ရေပေးတူးမြောင်းများကိုဆည်လုပ်ငန်းနှင့်အတူ တစ်ပြိုင်တည်းပြီးစီးအောင် ဆောင်ရွက်ရန်၊ ရေသောက်ဧရိယာကို တတ်နိုင်သမျှ တိုးချဲ့၍ ဝါနှင့်နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်အောင် ယခုကတည်းက စီမံဆောင်ရွက်ထားရန်၊ ဆည်စီမံကိန်း၌ ထည့်သွင်းရန် စီစဉ်ထားသော ရေအားလျှပ်စစ်လုပ်ငန်းများကိုလည်း ပြီးစီးအောင် ဆောင်ရွက်ရန်၊ ငွေကြေးသုံးစွဲရာတွင် စနစ်တကျ စိစစ်ခြိုးခြံသုံးစွဲရန် မှာကြားလမ်းညွှန်သည်။

ကညင်ရေလှောင်တမံ စီမံကိန်းသည် ဧရာဝတီတိုင်း အင်္ဂပူမြို့နယ်ရှိ ကညင်ချောင်းပေါ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)က တာဝန်ယူ တည်ဆောက်လျက်ရှိသော စီမံကိန်းဖြစ်သည်။

တမံအမျိုးအစားသည် မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအလျားမှာ ပင်မတမံအလျားပေ ၃၇၅၀နှင့် ကုန်းကျောတမံ အလျားသည် ပေ ၂၈၅၀ ရှိသည်။ တမံအမြင့်မှာ ၁၉၄ပေရှိသည်။

ရေလှောင်တမံမှ လျှပ်စစ်ဓာတ်အား(၅)မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ရေပေးတူးမြောင်းများမှလည်း အသေးစား ရေအားလျှပ်စစ် ထုတ်လုပ်ရေးလုပ်ငန်းများ တပ်ဆင်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သွားရန် စီစဉ်ထားသည်။

စိုက်ပျိုးရေပေးဝေ

ရေလှောင်တမံ တည်ဆောက်ပြီးစီးပါက စိုက်ပျိုးမြေ ဧက ၂၅၀၀၀ခန့်ကို စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သည်။

စီမံကိန်းကို ၂၀၁၀-၂၀၁၁ ခုနှစ်တွင် အပြီး တည်ဆောက်သွားမည်ဖြစ်ပြီး ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၃၁ရာခိုင်နှုန်း တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသည် စီမံကိန်း ရှုရပ်မှနေ၍ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဟင်္သာတမြို့ရောက်

ထိုမှတစ်ဆင့် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် ဟင်္သာတမြို့သို့ ရောက်ရှိကြပြီး မြို့ဖွံ့ဖြိုး စည်ပင်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဟင်္သာတမြို့ ဆည်မြောင်းဦးစီးဌာန မြနဒီခန်းမ၌ ဟင်္သာတခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ကျေးဇူးတင်ရှိ

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးဗိုလ်ချုပ်ကျော်ဆွေက ၂၀၀၈ ခုနှစ် မေလတွင် ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်များ၌ နာဂစ်မုန်တိုင်း တိုက်ခတ်ခံရမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုနှင့် စပ်လျဉ်း၍တင်ပြရာ ဧရာဝတီတိုင်း ခုနစ်မြို့နယ်သည် လေဘေးဒဏ်ကို ပြင်းထန်စွာ ထိခိုက်ခံစားရသဖြင့် သဘာဝဘေးသင့်နယ်မြေအဖြစ် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီက သတ်မှတ်၍ ကယ်တင်စောင့်ရှောက်မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီသည် နိုင်ငံတော်အကြီးအကဲက အဓိကလမ်းညွှန်ထားသော အသက်မသေ ကျန်ရစ်သူများ ထပ်မံသေကျေမှု မရှိစေရေးအတွက်ရှာဖွေကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့်ပြုစုစောင့်ရှောက်ရေးတို့ကို အထူးဦးစားပေး ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် လေဘေးဒဏ်အထိခိုက် အခံစားရဆုံး ခုနစ်မြို့နယ်ကို အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား တာဝန်ခွဲဝေပေးခဲ့ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့်လည်း ၂၀၀၈ခုနှစ် မေလမှစ၍ အဆိုပါ ခုနစ်မြို့နယ်အတွင်း ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်မှုများကို သုံးကြိမ်တိုင်အောင် ကွင်းဆင်း၍ အနီးကပ်ကြပ်မတ်လမ်းညွှန်ခဲ့ပါကြောင်း၊ နယ်မြေတာဝန်ခံဝန်ကြီးများသည် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ဌာနဆိုင်ရာများ၊ စေတနာရှင် လူထုအင်အားများ ပေါင်းစု၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အတိုင်း ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ဒေသ၏ အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် ဆားထုတ်လုပ်ငန်းများ ပြန်လည်ထူထောင်စေ၍ စီးပွားရေး ပြန်လည်ထူထောင်လာအောင် ကာလတိုအတွင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့အပြင် နောင်တွင် သဘာဝဘေးအန္တရာယ်ကြုံတွေ့ပါက ထိရောက်စွာ အကာအကွယ်ပြု အသုံးချနိုင်ရန် အသက်ကယ်ကုန်းမြင့်များ၊ Cyclone Shelter များ၊ အသက်ကယ် ကုန်းမြင့်အဖြစ်ပါ သုံးနိုင်သည့် လမ်းကွန်ရက်ကြီး ၁၀ခု တည်ဆောက်ပေးခြင်းများကြောင့် ဒေသတွင်း ဆက်သွယ်သွားလာမှုကို အထူးဖွံ့ဖြိုးစေပါကြောင်း၊ ထို့အပြင် လေဘေးသင့်ပြည်သူများအတွက် အိမ်သစ်များဆောက်လုပ်ပေးခြင်း၊ ပျက်စီးသွားသောပညာရေး၊ ကျန်းမာ

ရေးနှင့်သာသနိကအဆောက်အအုံများ ပြန်လည်တ
လူနေမှု အဆင့်အတန်းပါ မြင့်မားလာပါကြောင်
မေတ္တာ၊ စေတနာနှင့် အမြော်အမြင်ကြီးမားစွာ
ဧရာဝတီတိုင်းပြည်သူများက အစဉ်ထာဝရ
အကူအညီပေးခဲ့သော လူမှုရေးအဖွဲ့အစည်းများနှင့်
ကိုလည်း ကျေးဇူးတင်ရှိပါကြောင်းဖြင့် ရှင်းလ

ထိရောက်စွာကာကွယ်နိ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးက လမ်းညွှန်မှာ
အောက်ပိုင်း ပင်လယ်ပိုင်းဒေသသို့ ဝင်ရောက်တို
သည် အဖျက်စွမ်းအား ပြင်းထန်လှကြောင်း၊ မုန်တ
ကယ်ဆယ်နေရာချထားရေးနှင့် ပြန်လည်ထူထောင်
အားတိုက်ဆောင်ရွက်ပေးရန် လိုအပ်သည့်အားလေ
မသေ ကျန်ရစ်သူများအား ဆက်လက်အသက်ရှင်
ကယ်ဆယ်ရေး၊ အရေးပေါ်နေရာချထားရေး၊ က
ရောဂါဆိုးများ မဖြစ်ပေါ်ရေးတို့အတွက် နိုင်ငံတော်
ပူးပေါင်းဆောင်ရွက်ခဲ့ရကြောင်း၊ အရေးပေါ်စခန်း
အဖွဲ့များ၊ နယ်လှည့်ဆေးရုံသင်္ဘောများစေလွှတ်ပြီ
လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ရကြောင်း၊
ဝန်ထမ်းများ၊ ဆေးဝန်ထမ်းများ၏ ပူးပေါင်းဆေ

ရောဂါဖြစ်ပွားမှု၊ လူများထပ်မံ သေဆုံးမှုများကို
ခဲ့ကြောင်း။

မုန်တိုင်းသင့်ဒေသများ၏ ထိုစဉ်ကာလက
များကြောင့် သုညအဆင့်သို့ ရောက်ရှိနေသဖြင့်
လုပ်ငန်းများကို ဆောင်ရွက်ပေးပြီးနောက် တစ်ပြ
အိုးအိမ်များ၊ စီးပွားရေးလုပ်ငန်းများကို ပြန်လ
ပျက်စီးသွားသော စာသင်ကျောင်းများ၊ ဆေးရုံ၊
ပြန်လည်တည်ဆောက်နိုင်အောင် စီမံဆောင်ရွက်
ကျေးရွာများကို နေရာသစ်၌ ရွာသစ်ပြန်လည်တ

အောင်မြင်စွာဆောင်ရွ

ယင်းသို့ကြီးမားကျယ်ပြန့်သော လုပ်ငန်းကို
လုံးရှိ ပြည်သူအားလုံးက အမျိုးသားရေးခံယူချက်
ဆောင်ရွက်ခဲ့ကြကြောင်း၊ နိုင်ငံတော်၏အင်
တပ်မတော်၏အင်အားတို့ကို မှန်ကန်စွာစုစည်း၍
တစ်နှစ်အတွင်းမှာပင် မုန်တိုင်းသင့်ဒေသများသည်
ရောက်ရှိခဲ့ကြောင်း၊ မြေအုတ်တို့ ပြိုလေရာ ကျော
မည်ဆိုသည့် ခံယူချက်ကိုအရင်းခံ၍ ညီညွတ်မှုစွမ်
ရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်

က်ရှိရှိ ဖိဖိစီးစီးဆောင်ရွက်နိုင် ခြအနေသစ်သို့စတင်ရောက်ရှိခဲ့

ရေးနှင့်သာသနိကအဆောက်အအုံများ ပြန်လည်တည်ဆောက်ပေးခြင်းတို့ကြောင့် လူနေမှု အဆင့်အတန်းပါ မြင့်မားလာပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ မေတ္တာ၊ စေတနာနှင့် အမြော်အမြင်ကြီးမားစွာ လမ်းညွှန်ဖြည့်ဆည်းခဲ့မှုအပေါ် ဧရာဝတီတိုင်းပြည်သူများက အစဉ်ထာဝရ ကျေးဇူးတင်လျက်ရှိပါကြောင်း၊ အကူအညီပေးခဲ့သော လူမှုရေးအဖွဲ့အစည်းများနှင့် စေတနာရှင်များ၊ ကုမ္ပဏီများကိုလည်း ကျေးဇူးတင်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထိရောက်စွာကာကွယ်နိုင်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးက လမ်းညွှန်မှာကြားရာတွင် ဧရာဝတီတိုင်း အောက်ပိုင်း ပင်လယ်ပိုင်းဒေသသို့ ဝင်ရောက်တိုက်ခတ်သွားခဲ့သော မုန်တိုင်းသည် အဖျက်စွမ်းအား ပြင်းထန်လှကြောင်း၊ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ကယ်ဆယ်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ပေးရန် လိုအပ်သည့်အားလျော်စွာ ပထမအဆင့် အသက်မသေ ကျန်ရစ်သူများအား ဆက်လက်အသက်ရှင် ရပ်တည်နိုင်အောင် အချိန်မီ ကယ်ဆယ်ရေး၊ အရေးပေါ်နေရာချထားရေး၊ ကပ်ရောဂါအသွင်ဖြင့် ကူးစက်ရောဂါဆိုးများ မဖြစ်ပေါ်ရေးတို့အတွက် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်ခဲ့ရကြောင်း၊ အရေးပေါ်စခန်းများ ဖွင့်လှစ်၍ အထူးဆေးကုအဖွဲ့များ၊ နယ်လှည့်ဆေးရုံသင်္ဘောများစေလွှတ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ရကြောင်း၊ တစ်နိုင်ငံလုံးရှိ ကျန်းမာရေးဝန်ထမ်းများ၊ ဆေးဝန်ထမ်းများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ကူးစက်ရောဂါဖြစ်ပွားမှု၊ လူများထပ်မံ သေဆုံးမှုများကို ထိရောက်စွာ ကာကွယ်နိုင်ခဲ့ကြောင်း။

မုန်တိုင်းသင့်ဒေသများ၏ ထိုစဉ်ကာလက အခြေအနေမှာ ပျက်စီးဆုံးရှုံးမှုများကြောင့် သုညအဆင့်သို့ ရောက်ရှိနေသဖြင့် ပထမအဆင့်ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးပြီးနောက် တစ်ပြိုင်တည်းမှာပင် ဒေသခံတို့၏ အိုးအိမ်များ၊ စီးပွားရေးလုပ်ငန်းများကို ပြန်လည်ထူထောင်ပေးခဲ့ရကြောင်း၊ ပျက်စီးသွားသော စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးပေးခန်းများကို အမြန်ဆုံး ပြန်လည်တည်ဆောက်နိုင်အောင် စီမံဆောင်ရွက်ရကြောင်း၊ ပျက်စီးသွားသော ကျေးရွာများကို နေရာသစ်၌ ရွာသစ်ပြန်လည်တည်ဆောက်ပေးရကြောင်း။

အောင်မြင်စွာဆောင်ရွက်

ယင်းသို့ကြီးမားကျယ်ပြန့်သော လုပ်ငန်းကို နိုင်ငံတော်နှင့်အတူ တစ်နိုင်ငံလုံးရှိ ပြည်သူအားလုံးက အမျိုးသားရေးခံယူချက်ဖြင့် ဝိုင်းဝန်းပူးပေါင်းဖြေရှင်းဆောင်ရွက်ခဲ့ကြကြောင်း၊ နိုင်ငံတော်၏အင်အား၊ ပြည်သူ၏အင်အား၊ တပ်မတော်၏အင်အားတို့ကို မှန်ကန်စွာစုစည်း၍ လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့သဖြင့် တစ်နှစ်အတွင်းမှာပင် မုန်တိုင်းသင့်ဒေသများသည် ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ မြေအုတ်တို့ ပြိုလေရာ ကျောက်အုတ်တို့ဖြင့် တည်ဆောက်မည်ဆိုသည့် ခံယူချက်ကိုအရင်းခံ၍ ညီညွတ်မှုစွမ်းအားဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

တစ်ဖက်မှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ရည်ရွယ်ချက်ရှိရှိ ဖိဖိစီးစီး ဆောင်ရွက်နိုင်ခဲ့၍ ဒေသခံပြည်သူများ၏ အခြေအနေမှာ ဘဝသစ်၊ အခြေအနေသစ်သို့ စတင်ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း။

နောင်မုန်တိုင်းအန္တရာယ် ဖြစ်ပေါ်ခဲ့ပါကလည်း အရံအတား အကာအကွယ်များအဖြစ် Cyclone Shelter များ၊ သက်ကယ်ကုန်းများ၊ လမ်းများကို ဖောက်လုပ် တည်ဆောက်ပေးလျက်ရှိကြောင်း၊ ယင်းလုပ်ငန်းများသည်လည်း မကြာမီပြီးစီးတော့မှာဖြစ်ကြောင်း။

ဖိဖိစီးစီးလုပ်ကိုင်

လမ်းလုပ်ငန်း၌ မူလလမ်းများအပြင် ဧရာဝတီတိုင်းလမ်းကွန်ရက်ဖွံ့ဖြိုးရေး စီမံကိန်းဝင် လမ်းသစ်၁၀လမ်းနှင့် လိုအပ်သောတံတားကြီးငယ်များကို ခက်ခက်ခဲခဲ ဖိဖိစီးစီး လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း။

ကျန်းမာရေးနှင့်စပ်လျဉ်း၍ လပွတ္တာနှင့် ဖျာပုံတို့၌ ခုတင်(၂၀၀)ဆံ့ ဆေးရုံအဖြစ်သို့လည်းကောင်း၊ ဘိုကလေးနှင့်မော်လမြိုင်ကျွန်းတို့၌ ခုတင်(၁၀၀)ဆံ့ ဆေးရုံများအဖြစ်သို့လည်းကောင်း အဆင့်မြှင့်တင်ဖွင့်လှစ်သကဲ့သို့ စာသင်ကျောင်းများကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ရည်ရွယ်ချက်မှာ မုန်တိုင်းသင့်ဒေသများမှာ ယခင်အခြေအနေများနှင့်မတူ အခြေအနေသစ်၊ ဘဝသစ်သို့ ရောက်ရှိပြီး ကိုယ့်ဒေသတွင်း အင်အားဖြင့် ရပ်တည်နိုင်စေရန် ဖြစ်ကြောင်းဖြင့် ရှင်းလင်းလမ်းညွှန်သည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးအား ဟင်္သာတမြို့မှ မြို့မိမြို့ဖတစ်ဦးက ဒေသဖွံ့ဖြိုးရေး၊ ဆက်သွယ်သွားလာမှုပိုမိုအဆင်ပြေရေးတို့အတွက် ဖြည့်ဆည်းပေးရန် ကိစ္စရပ်များကိုရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်မှူးကြီးက တင်ပြချက်များကို ပြန်လည်ညှိနှိုင်း စိစစ်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြား၍ တွေ့ဆုံပွဲသို့တက်ရောက်လာကြသူများအား ရင်းနှီးစွာနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ဟင်္သာတမြို့မှ ဇလွန်မြို့သို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး လမ်းတစ်လျှောက်ရှိ အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါး စိုက်ခင်းများနှင့် စပါးရိတ်သိမ်းခြွေလှေ့နေမှု၊ သစ်တောသစ်ပင်များဖြင့် စိမ်းလန်းစိုပြည်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဇလွန်မြို့ရှိ မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားသို့ ရောက်ရှိရာ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများကကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ကပ်လှူပူဇော်ကြည်ညိုကြသည်။ အဖွဲ့ဝင်များကလည်း မြတ်စွာဘုရားကြီးအား ရွှေသင်္ကန်းများ ကပ်လှူကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ဘုရားကြီးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ဇလွန်မြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ညနေ ၃နာရီ ၄၅မိနစ်တွင် ဗိုလ်မြတ်ထွန်းတံတား အထက်ဘက်ရှိ ဧရာဝတီတံတား (ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင့်ဆွေနှင့် ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဟင်္သာတမြို့ ဆည်မြောင်းဦးစီးဌာန မြနန္ဒီခန်းမ၌ ဟင်္သာတခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

* ကညင်ရေလှောင်တမံ စီမံကိန်းသည် ဧရာဝတီတိုင်း အင်္ဂပူမြို့နယ်ရှိ ကညင်ချောင်းပေါ်တွင် တည်ဆောက်လျက်ရှိ။
* တမံအမျိုးအစားသည် မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအလျားမှာ ပင်မတမံအလျားပေ ၃၇၅၀နှင့် ကုန်းကျောတမံအလျားသည် ပေ ၂၈၅၀ ရှိပြီး တမံအမြင့်မှာ ၁၉၄ ပေရှိ။
* ရေလှောင်တမံမှ လျှပ်စစ်ဓာတ်အား ၅မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ရေပေးတူးမြောင်းများမှလည်း အသေးစားရေအားလျှပ်စစ် ထုတ်လုပ်ရေးလုပ်ငန်းများတပ်ဆင်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သွားရန် စီစဉ်ထား။
* ရေလှောင်တမံ တည်ဆောက်ပြီးစီးပါက စိုက်ပျိုးမြေ ဧက ၂၅၀၀၀ခန့်ကို စိုက်ပျိုးရေ ပေးဝေနိုင်မည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကညင်ရေလှောင်တမံ စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဧရာဝတီတံတား(ညောင်တုန်း)

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ရထားလမ်းနှင့်ကားလမ်းပါ ပါဝင်သည့် ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရန်အတွက် တံတားအုကြောင်းနေရာရွေးချယ်ခဲ့မှုနှင့် တံတားတည်ဆောက်မည့် စီမံကိန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အရှည် ၈၇မိုင်ရှိ ပုသိမ်-ရန်ကုန်ရထားလမ်းဖောက်လုပ်ရန် စီစဉ်ဆောင်ရွက်နေမှု၊ အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဖြတ်သန်းဆက်သွယ်မည့် မြို့များနှင့်ဘူတာများ၊ တံတားများ ဆောက်လုပ်မည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသည် စီမံကိန်းရှုရပ်မှ တံတားတည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ဧရာဝတီတံတား(ညောင်တုန်း)ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်မည်ဖြစ်ပြီး ရထားလမ်းရော၊ ကားလမ်းပါ ပါရှိမည့် တံတားကြီးဖြစ်သည်။

တံတားအရှည်မှာ စုစုပေါင်း ၇၄၀၂ပေခန့် ရှိမည်ဖြစ်ပြီး ရေလမ်းကင်းလွတ် အကျယ်သည် ၂၆၂ပေခန့်နှင့် အမြင့် ၅၅ပေခန့်ရှိမည်ဖြစ်သည်။

အချိန်တိုအတွင်းသွားလာနိုင်

တံတားတည်ဆောက်ပြီးစီးပါက ရန်ကုန်မြို့မှ ပုသိမ်မြို့ အပါအဝင် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းရှိ မြို့၊ ရွာများသို့ ရထားဖြင့်ရော၊ ကားဖြင့်ပါ အချိန်တိုအတွင်း သွားလာနိုင်မည်ဖြစ်သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူဖောက်လုပ်မည့် ပုသိမ်-ရန်ကုန် ရထားလမ်းသည် ပုသိမ်၊ အိမ်မဲ၊ ပန်းတနော်၊ ညောင်တုန်းနှင့် လှိုင်သာယာ မြို့ငါးမြို့ကို ဖြတ်သန်းဖောက်လုပ်မည်ဖြစ်ပြီး စီမံကိန်းပြီးစီးပါက ပုသိမ်-ဟင်္သာတ-ကြံခင်း-ပခုက္ကူရထားလမ်းနှင့် ဆက်စပ်သွားမည်ဖြစ်ရာ ဧရာဝတီမြစ်အနောက်ဘက်ခြမ်း ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရှိရသည်။

ပြန်လည်ရောက်ရှိ

ထို့နောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

(၈၉) နှစ်မြောက် အမျိုးသားနေ့

၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၁၁-၁၁-၂၀၀၉)

(၈၉) နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

- ဝံသာနုရက္ခိတစိတ်ဓာတ်ရှင်သန်နိုင်မာရေးနှင့် အမျိုးဂုဏ် ဇာတိဂုဏ်မြှင့်မားရေး
- အမျိုးသားပညာရည်မြှင့်မားရေး
- နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့နိုင်မြဲရေး
- နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် စနစ်ချ ဆောင်ရွက်ရေး

e-Banking System ဆိုင်ရာ ရှင်းလင်းသရုပ်ပြပွဲ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ယမန်နေ့နံနက်ပိုင်းက နေပြည်တော် ဘဏ်များဇုန် မြတ်ပန်းသဇင်လမ်းရှိ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ် အစည်းအဝေးခန်းမ၌ မြန်မာ့စီးပွားရေးဘဏ်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော e-Banking System ဆိုင်ရာ ရှင်းလင်းသရုပ်ပြပွဲအခမ်းအနားသို့ တက်ရောက်သည်။ (ယာပုံ)

ရှင်းလင်း

ရှေးဦးစွာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်က မြန်မာ့စီးပွားရေးဘဏ်၏ e-Banking System အကောင်အထည်ဖော်လျက်ရှိသည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ Online Services Terminal မှ MEB ၏ Online Digital Key Card အသုံးပြုပြီး ငွေအသွင်းအထုတ် ပြုလုပ်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ e-Banking System အကောင်အထည်ဖော်ခြင်းဆိုင်ရာ အကြံပေး ပုဂ္ဂိုလ် ဦးသိန်းထွဋ်က မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်နှင့် အခြားဘဏ်ခွဲများအကြား ငွေလွှဲပြောင်း လက်ခံခြင်း လုပ်ငန်းစဉ်များနှင့် e-Banking System ဆန်းစစ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပြန်လည်ဆွေးနွေး

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းတို့က တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီးက မြန်မာ့စီးပွားရေးဘဏ်သည် ဘဏ္ဍာရေး၊ ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများကို လိုအပ်သလို အသုံးချခြင်းဖြင့် လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုထိရောက် ထက်မြက်လာသကဲ့သို့ ဌာနနှင့် ဆက်သွယ်သူ ပြည်သူများအတွက်လည်း လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုမြန်ဆန်လာမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် ပိုမိုမြင့်မားလာမည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သဖြင့် e-Banking System အကောင်အထည်ဖော်နိုင်ရေးအတွက် အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှိုင်ကော်ခရိုင် ရှားတောအမက၌ အာဟာရကျွေးမွေး

ရှားတော နိုဝင်ဘာ ၅

ကယားပြည်နယ် လှိုင်ကော်ခရိုင် ရှားတောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးကြပ်၍ အောက်တိုဘာ ၂၉ရက်တွင် ရှားတောမြို့ စလောင်းစုစည်းအမကကျောင်း၌ ဒုတိယအကြိမ် အာဟာရကျွေးမွေးပွဲ ပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာနှင့် လူမှုရေးအဖွဲ့အစည်းများ၊ မြို့နယ်ပညာရေးမှူး ဒေါ်နန်းနွံ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေကြည်ဦးနှင့် ဆရာမများ တက်ရောက်၍ ကျောင်းသူ ကျောင်းသား ၇၀၊ မူကြို ၃၄ဦး၊ ကျေးရွာမှ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင် ၃၈ဦး စုစုပေါင်း ၁၄၂ဦးတို့အား ကြက်သားဆန်ပြုတ် ကျွေးမွေးခဲ့ပြီး မြို့နယ်ဥက္ကဋ္ဌက ချို့တဲ့ ကျောင်းသူ ကျောင်းသား ၁၀ဦးအား ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။ **(အပေါ်ပုံ) (ပညာရေး)**

အထက (၂) အလုံကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၅

အလုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၁ရက် (အမျိုးသားနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ စမိုင် မြိုင်ဟေဝန်ပန်းခြံရှိ ရွှေဘဲစားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး ဆရာမကြီးများ ကြွရောက်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ လာရောက်ဂါရဝပြုကြပါရန် ဖိတ်ကြားထားသည်။ အလှူငွေများကို ကိုချိုမြင့် ဖုန်း-၀၉-၅၁-၅၁၅၅၇၊ ကိုတိုင်းကျော် ဖုန်း-၀၁-၅၀၃၃၇၂၊ ကိုမြစိုး ဖုန်း-၀၉-၅၂-၀၃၁၉၉၊ မကျင်လှိုင် ဖုန်း-၀၁-၅၂၄၇၀၅၊ မဖြူဖြူစိန် ဖုန်း-၀၁-၅၂၆၈၁၇၊ ကိုဌေးလှိုင် ဖုန်း-၀၁-၂၁၂၁၃၅နှင့် မဆွေဆွေဦး ဖုန်း-၀၉-၅၁-၇၅၇၉၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၃၅)

မှော်ဘီမြို့နယ် ရေသိုးစံပြကျေးရွာ နေခြည်သစ်စာကြည့်တိုက် ပန္နက်တင်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၅

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ဘိုးဒေါနကုန်းကျေးရွာအုပ်စု ရေသိုး စံပြကျေးရွာ နေခြည်သစ်စာကြည့်တိုက် ပန္နက်တင်ပွဲအခမ်းအနားနှင့် စံ(၅)ချက် ပြည့်စုံရေး ဆွေးနွေးပွဲကို နိုဝင်ဘာ ၄ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက် ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သီတာဦး၊ ကျေးရွာဥက္ကဋ္ဌ ဦးတိုးလှနှင့် ရပ်မိ ရပ်ဖ ဦးအေးငွေတို့က ပန္နက်တင်ပေးကြသည်။ **(အပေါ်ပုံ)**

ဟောပြောပွဲဆွေးနွေး

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်များ စံ(၅)ချက်နှင့်ပြည့်စုံရေး၊ စာငှားစနစ်ကျင့်သုံးရေး၊ စာအုပ် စာစောင်များ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် အသစ်တိုးပွားရန် ငွေပဒေသာပင် စိုက်ထူဆောင်ရွက်ရေးနှင့်ပတ်သက်၍ ဟောပြောဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း အမှတ်(၂) လမ်းဘေးဝဲ/ယာ၌ အရိပ်ရသစ်ပင်များ စိုက်ပျိုးထားရှိမှုကို ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်း ဦးဆောင်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနတို့နှင့်အတူ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ကတ္တရာထပ်ပိုးလွှာခင်း

အောက်တိုဘာ ၁၅ ရက်က ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကန်သာ(၁)လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးလင်းထွဋ်မှ ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်တိုးက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မင်္ဂလာဒုံ၌ ဓမ္မပါရဂူစာကြည့်တိုက်ဖွင့်

ရန်ကုန် နိုဝင်ဘာ ၅

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ဉာဏရပ်ကွက် ကာယ ၁၂လမ်း မငိုတံတားအနီး၌ ဓမ္မပါရဂူ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃၁ရက်က ကျင်းပသည်။

စာကြည့်တိုက်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းလှနှင့် ဗဟန်းမြို့နယ် ပြည်ထောင်စုလမ်းနေ အလှူရှင် ဒေါ်ခင်ကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အဆိုပါဓမ္မပါရဂူစာကြည့်တိုက်မှာ အလျား ၁၂ပေ၊ အနံ ၁၈ပေရှိပြီး ကွန်ကရစ်ခင်း၊ အုတ်ညှပ်၊ သွပ်မိုးအမျိုးအစားဖြစ်သည်။ တန်ဖိုးငွေကျပ်သိန်း ၂၀ခန့်ကုန်ကျခံ၍ အလှူရှင်က ပိဋကတ်သုံးပုံနှင့် သုတ၊ ရသစွယ်စုံစာအုပ်စာတမ်းများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မဂ္ဂဇင်းမျိုးစုံအုပ် ၁၀၀တို့ကိုလှူဒါန်းကြပြီး နေ့စဉ် နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ဖွင့်လှစ်ထားသည်။ အများပြည်သူ စာပေဗဟုသုတရရှိ၍ စိတ်ချမ်းမြေ့စွာ လာရောက်ဖတ်ရှုနိုင်ရေး၊ စာအုပ်ငှားရမ်းနိုင်ရေးတို့ကို စံ(၅)ချက်နှင့်အညီ စာကြည့်တိုက် လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စာကြည့်တိုက်အကျိုးဆောင်အဖွဲ့အား ဖွဲ့စည်းဆောင်ရွက်ထားကြောင်း သိရသည်။ (၁၁၀)

ရန်ကုန်မြောက်ပိုင်းခရိုင် ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၅

ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ရက် မွန်းလွဲ ၁နာရီက လှိုင်သာယာမြို့နယ် မိုးလုံလေလုံအားကစားကွင်း၌ကျင်းပသည်။

ဗိုလ်လုပွဲတွင် ရွှေပြည်သာအသင်းက လှိုင်သာယာအသင်းကို ၇ဂိုး-၆ဂိုးဖြင့် အနိုင်ရရှိပြီး ပထမတံခွန်စိုက်ဒိုင်းဆုကြီးကို ဆွတ်ခူးရရှိသွားသဖြင့် တတိယဆုရရှိသော ထန်းတပင်အသင်းကို လှိုင်သာယာမြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်က ဆုတံဆိပ်နှင့် ငွေသားကိုလည်းကောင်း၊ ဒုတိယဆုရရှိသော လှိုင်သာယာအသင်းကို (ရွှေမိသားစု)ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာဦးလှဗွေးက ဆုတံဆိပ်နှင့် ငွေသားကိုလည်းကောင်း၊ အနိုင်ရဗိုလ်စွဲသွားသော ရွှေပြည်သာမြို့နယ် ဘောလုံးအသင်းအား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူးကြီးကိုကိုအောင်က ဆုတံဆိပ်နှင့်ငွေသားကိုလည်းကောင်း၊ တံခွန်စိုက်ဒိုင်းဆုကြီးကို ခရိုင်ဥက္ကဋ္ဌ ဦးနေလင်းကလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ **(ဝဲပုံ)**

(ခရိုင် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၁၁-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+အာဋာနာဋိယသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ဝေဒနာကင်းအောင်ရှုပါ** တရားတော် (ဆရာတော် ဘဒ္ဒန္တသောဘန)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သဲလွန်စများ** (အပိုင်း-၁၂)
၈:၃၀ Sports World (Football Asia)
၉:၀၀ Zaw Win Htut Emperor 25th Anniversary Live Show (Part-3)
၁၀:၁၅ Movie Talk (ဒါရိုက်တာ ကြည်စိုးထွန်း၊ အကယ်ဒမီထွန်းလှိုင်)(အပိုင်း-၁)
၁၀:၀၅ Activities in the City (Dagon Bio-Disc Passed Water)
၁၁:၃၀ ကြယ်စင်မော်ကွန်းနှင့်စပ်လျဉ်း၍··
၁၁:၅၅ **အားကိုးအားထား** ဖိုးသောကြာ၊ အကယ်ဒမီဦးမိုးဒီ၊ ဦးခိုင်တင်၊ ဒေါ်တင်တင်လှ (ဒါရိုက်တာ-ကောင်းမြတ်)
၁၂:၀၅ ဟူးကောင်းချိုင့်ဝှမ်းမှ ကျားသုတေသနပြုလုပ်ငန်း
၁၂:၃၅ နည်းစနစ်မှန်မှန်ကော်ဖီစိုက်ပျိုးရန်
၁:၀၀ **ဝေဒနာကင်းအောင်ရှုပါ** တရားတော် (ဆရာတော် ဘဒ္ဒန္တသောဘန)
၂:၀၀ MRTV-4 သတင်း
၂:၄၅ World of Knowledge (Trading Faces)
၃:၄၀ ဘူးခါးပေါ်မှစိတ်ကူးလက်ရာ
၃:၅၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့်ဆွေးနွေးခန်း)
၄:၁၅ Activities in the City (Dagon Bio-Disc Passed Water)
၄:၄၀ VJ Choice
၅:၀၅ **အားကိုးအားထား** ဖိုးသောကြာ၊ အကယ်ဒမီဦးမိုးဒီ၊ ဦးခိုင်တင်၊ ဒေါ်တင်တင်လှ (ဒါရိုက်တာ-ကောင်းမြတ်)
၅:၂၅ Vox Pop ဘတ်(စ်)ကားစီးခြင်း
၅:၃၅ သူတို့ပြောတဲ့ သူတို့အကြောင်း သရုပ်ဆောင်ဝင်းနိုင် (အနုပညာ) နှင့် တွေ့ဆုံခြင်း (အပိုင်း-၁)
၆:၀၀ MRTV-4 သတင်း
၆:၂၀ VJ Choice
၆:၄၅ လှပသစ်ဆန်းအလှပြင်ခန်း (L'ESPACE BEAUTE')
၇:၀၅ ဖက်ရှင်လမ်းညွှန် (အဝါရောင်ဖက်ရှင်)
၇:၂၀ FMF Selection
၇:၄၅ Science Tech Today
၈:၀၀ MRTV-4 သတင်း
၈:၃၀ သူတို့ပြောတဲ့ သူတို့အကြောင်း သရုပ်ဆောင်ဝင်းနိုင် (အနုပညာ) နှင့် တွေ့ဆုံခြင်း (အပိုင်း-၁)
၉:၀၀ Zaw Win Htut Emperor 25th Anniversary Live Show(Part-4)
၁၀:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သဲလွန်စများ** (အပိုင်း-၁၂)
၁၀:၃၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁၁:၄၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့်ဆွေးနွေးခန်း)
၁၂:၁၀ ကြယ်စင်မော်ကွန်းနှင့်စပ်လျဉ်း၍··
၁၂:၃၀ ပန်းပုပန်းချီတုမမီအောင် လက်ရာစုံပေသည်···
၁၂:၄၅ ရှေးမူမပျက်ထိန်းသိမ်းဖို့ရာ မြန်မာ့ရွှေချည်ထိုးပညာ
၁၂:၅၀ လှပသစ်ဆန်းအလှပြင်ခန်း (L'ESPACE BEAUTE')
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မိုက်ကယ်ဂျက်ဆင် ရုပ်ရှင်ဇာတ်ကားသစ် နေပြည်တော်ရုံတွင် ရုံဝင်လာ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် နိုဝင်ဘာ ၅

ဒါရိုက်တာ ကင်န်နီအိုတီဂါရိုက်ကူးပြီး မိုက်ကယ်ဂျက်ဆင်ကိုယ်တိုင်ပါဝင်ထားသည့် This is it ဇာတ်ကားသစ်မှာ ယခုသောကြာပတ်တွင် နေပြည်တော်ရုံ၌ ရုံဝင်လာသည်။

ကမ္ဘာကျော်ပေါ့ပ်ဘုရင် မိုက်ကယ်ဂျက်ဆင်တစ်ယောက် ကွယ်လွန်ပြီးမှ ရုပ်ရှင်ပိတ်ကားပေါ် ရောက်လာသော ရှားရှားပါးပါး တင်ဆက်မှုဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ မိုက်ကယ်ဂျက်ဆင် ပရိသတ်များနှင့် ဂီတဝါသနာရှင်များအတွက် တင်ဆက်လိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

ဇာတ်လမ်းမှာ စင်မြင့်ပေါ်တွင် ဖျော်ဖြေနေရသူ နာမည်ကျော်တစ်ဦး၏ ကန့်လန့်ကာနောက်ကွယ်မှ ကြိုးပမ်းအားထုတ်မှုများကို လပေါင်းများစွာ မှတ်တမ်းတင်ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ မိုက်ကယ်ဂျက်ဆင်၏ကြိုးပမ်းမှု၊ တီထွင်ဆန်းသစ်မှု အက၊ အလှများကို တဝကြီး ကြည့်ကြရမည်ဖြစ်သည်။ အမေရိကန်တွင် အောက်တိုဘာ ၂၈ရက်က ရုံစတင်ရာ ဂျက်ဆင်ပရိသတ် ဝက်ဝက်ကွဲအားပေးသော ဇာတ်ကားဖြစ်သည်။

ရွှေ့ဆောင်ရုံတွင် Angel s & Demons ဇာတ်ကား ဆက်လက်ပြသနေဆဲဖြစ်သည်။

မိုက်ကယ်ဂျက်ဆင်၏ This is it ဇာတ်ကားမှ ဂျက်ဆင်၏ကကွက်တစ်ကွက်။

သူငယ်ချင်းယောက္ခမ

သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)၏ **သူငယ်ချင်းယောက္ခမ** ဇာတ်ကားသစ် ဆက်လက်ပြသနေသည်။ ကျော်ရဲအောင်၊ လွင်မိုး၊ စိုးမြတ်သူဇာ၊ မိုးဟေကိုတို့ ပါဝင်ထားသော ဟာသဇာတ်မြူးကားဖြစ်သည်။

သူငယ်ချင်းယောက္ခမဇာတ်ကားမှ ကျော်ရဲအောင်၊ မိုးဟေကိုနှင့် စိုးမြတ်သူဇာတို့ အမူအရာ။

ချစ်ကံပွင့်

ဒါရိုက်တာဒေါနဲ၏ **ချစ်ကံပွင့်နှင့် မချောလေးဆယ်** မှာ မြို့လယ်ဝဇီရာ၊ ရွှေဗဟိုရ်၊ ဘုရင့်နောင်၊ ရောဝတီရုံများတွင် ဆက်လက်ပြသနေပြီး ဒါရိုက်တာဝိုင်း ရိုက်ကူးပြီး ဟိန်းဝေယံနှင့် သက်မွန်မြင့်တို့ပါဝင်ထားသော **ဗီးနပ်စ်ရဲ့လပ်ဖ်** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ ရွှေမန်း၊ စံပြ၊ သီတာနှင့် မြရတနာရုံများတွင် ကြည့်ကြရမည်ဖြစ်သည်။

အိန္ဒိယဇာတ်ကားများ

မြို့မရုံတွင် လူငယ်မင်းသားချော အတင်းန်ဘယ်လ်လာနှင့် မင်းသမီးချော စန္ဒာလီဆင်ဟာတို့ပါဝင်ထားသော OM ဇာတ်ကားပြသနေသည်။ အနိုင်ကျင့်ဗိုလ်ကျမှုများကို တွန်းလှန်ကလဲ့စားချေသော လူငယ်တစ်ဦး၏ဘဝအကြောင်းကို ရိုက်ကူးထားသော အချစ်အက်ရှင် ဇာတ်ကားဖြစ်သည်။ ဘုရင့်ရုံတွင် ရှာဟစ်ကပူးရ်နှင့် ကရီနားကပူးရ်တို့ ပါဝင်ထားသော Fida ဇာတ်ကားကို ကြည့်ကြရမည်ဖြစ်သည်။ ॥

(မြန်မာ့အလင်း)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

စစ်မှုထမ်းဟောင်းညီလာခံ အတွေ့အကြုံရှင်း

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၉) အတွေ့အကြုံ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို အောက်တိုဘာ ၂၃ရက်နံနက်က ကန့်ဘလူမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး ဦးအိမ်ကြီးမောင်က ညီလာခံအတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးပြီး ညီလာခံကိုယ်စားလှယ် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းအောင်က ဆုံးဖြတ်ချက်(၂)ရပ်၊ အတည်ပြုချက်(၁)ရပ်နှင့် မှတ်တမ်းတင်ချက်(၅)ရပ်တို့ကို ထပ်ဆင့်ရှင်းလင်း ဆွေးနွေးသည်။ (ဝ၂၇)

စေတနာဖြိုး အခမဲ့ဆေးကုခန်း ဆိုင်းဘုတ်တင်

ကချင်ပြည်နယ် မိုးကောင်းမြို့ စေတနာဖြိုး အခမဲ့ဆေးကုခန်း ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၃ရက် နံနက် ၁၁နာရီက အဆိုပါဆေးကုခန်းရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းစိန်နှင့် တာဝန်ရှိသူများက ဆိုင်းဘုတ်တင်ပေးကြသည်။ *(ဝဝ၁)*

နွားထိုးကြီး၌ ကျေးရွာစာကြည့်တိုက်ပန္နက်တင်

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျေးလက်ပြည်သူတို့ ပူးပေါင်း၍ ကျပ်သိန်း၂၀ခန့်တန်ဖိုးရှိ ကျေးရွာစာကြည့်တိုက် ပန္နက်တင်ပွဲကို နွားထိုးကြီးမြို့နယ် သင်းတပေါ်မြောက်ရွာ၌ အောက်တိုဘာ၂၄ရက်က ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးရဲမြင့်အောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထိန်လင်းနှင့်တာဝန်ရှိသူများက တက်ရောက်၍ ပန္နက်တင်ပေးကြသည်။ (ဝ၉၂)

နမ့်ဆန်၌ ကျန်းမာရေးစစ်ဆေး ကုသပေး

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏စီစဉ်မှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန် ဒေါက်တာသောင်းဒါန်ဦးနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့ ပူးပေါင်းပြီး အောက်တိုဘာ ၁၀ရက်က ဒေသခံပြည်သူများအား သွေးလွန်တုပ်ကွေးအပါအဝင် အထွေထွေရောဂါများကို စစ်ဆေးကုသပေးပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။ *(စာပေနှင့် စာနယ်ဇင်း)*

ကျောက်ဖြူ၌ စာကြည့်တိုက်များရှင်သန်ရေး ဆွေးနွေး

ကျောက်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မိုးအောင်၊ ဓာတ်ပုံကျွမ်းကျင်(၂) ဦးမောင်မောင်ဌေးနှင့် ရုပ်သံကျွမ်းကျင်(၃) ဦးကျော်ကျော်သန်းတို့သည် ကျောက်ဖြူမြို့နယ် ရေနံတောင်ကျေးရွာသို့ အောက်တိုဘာ ၆ရက်က သွားရောက်ပြီး ရေနံတောင်ကျေးရွာ ပညာရွှေတောင်စာကြည့်တိုက်တွင် စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံ၍ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး လုပ်ငန်း(၅)ရပ်နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြသည်။ ***(ခရိုင် ပြန်/ဆက်)***

စံ(၅)ချက်ပြည့်စုံစာကြည့်တိုက် သဲကုန်း၌ဆောင်ရွက်

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဦးဆောင်၍ သဲကုန်းမြို့နယ် ဆင်မြီးဆွဲ မြို့မစာကြည့်တိုက်သို့ အောက်တိုဘာ ၂၅ရက်ကရောက်ရှိပြီး စာကြည့်တိုက်များ စံ(၅)ချက်နှင့်ပြည့်စုံရေး ကွင်းဆင်းဆောင်ရွက်ရာ ခရိုင်ဦးစီးအရာရှိ ဦးဝင်းမြင့်၊ မြို့နယ်ဦးစီးမှူး ဦးနိုင်လင်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးခင်ထွန်းနှင့် စာကြည့်တိုက်မှူး ဦးဟန်မြင့်တို့က စာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ ဆောင်ရွက်သွားရန် ရှင်းလင်းဆွေးနွေးကြသည်။ *(မြို့နယ် ပြန်/ဆက်)*

တီးတိန်၌ လုပ်ငန်းညှိနှိုင်းအစည်းအဝေးထပ်ဆင့်ရှင်း

တီးတိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် နိုဝင်ဘာ ၂ရက်က ဖလမ်းခရိုင်ရုံး၌ကျင်းပခဲ့သော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ ပြည်နယ်ဦးစီးမှူးနှင့် ခရိုင်ဦးစီးအရာရှိ ဦးမန်းစိန်တို့၏ လုပ်ငန်းမှာကြားချက်များကို မြို့နယ်ဦးစီးမှူး ဒေါ်ဒိုင်းခန့်ဒိမ့်က ဝန်ထမ်းများအား ထပ်ဆင့်ရှင်းလင်းဆွေးနွေးသည်။ ***(မြို့နယ် ပြန်/ဆက်)***

မိုးမောက်၌ စာငှားစနစ်ကျင့်သုံးရေးဆောင်ရွက်

ကချင်ပြည်နယ် မိုးမောက်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လွှန်းနန်းထွေးနှင့်အဖွဲ့သည် အောက်တိုဘာ ၂၁ရက်က ပန်ချိုးဟိုင်၊ နောင်ဖောင်း၊ နှောင်းကွမ်နှင့် မစွယ်ကျေးရွာများသို့ သွားရောက်၍ စာကြည့်တိုက် ရှင်သန်ခိုင်မာရေး၊ စာငှားစနစ်ကျင့်သုံးရေးနှင့် စာကြည့်တိုက်ပိုင်မြေအဆောက်အအုံ ရရှိရေးအတွက် စည်းရုံးဟောပြောခြင်းလုပ်ငန်းကို နယ်လှည့် ကွင်းဆင်းဆောင်ရွက်သည်။ *(မြို့နယ် ပြန်/ဆက်)*

ဖလမ်း၌ ပြန်/ဆက်လုပ်ငန်းများဆွေးနွေး

ချင်းပြည်နယ် ဖလမ်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၉ရက်က ဖလမ်းခရိုင်ရုံး၌ ကျင်းပရာ ပြည်နယ်ဦးစီးမှူး ဦးဝင်းခင်က ဝန်ထမ်းများ တာဝန်ကျေပွန်ရေး၊ ဌာနရည်မှန်းချက်၊ လုပ်ငန်း သတ်မှတ်ကာလအတွင်းပြီးစီးရေးတို့ကို မှာကြားသည်။ ထို့နောက် မြို့နယ်ဦးစီးမှူးများနှင့်ခရိုင်ဦးစီးမှူးတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။ ***(ခရိုင် ပြန်/ဆက်)***

ယာဉ်နှင့်လမ်းစည်းကမ်း ကြီးကြပ်ဆောင်ရွက်

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးဂျွန်စယ်နှင့် အဖွဲ့ဝင်ထမ်းများသည် အောက်တိုဘာ ၁ရက်က မြစ်ကြီးနားမြို့ပေါ်တွင် ပြေးဆွဲလျက်ရှိသော မြင်းလှည်း၊ လက်တွန်းလှည်း၊ ဆိုက်ကားများအား အနေ့ယာဉ်ပါ စည်းကမ်းချက်များနှင့်အညီ ရှိ၊ မရှိစစ်ဆေးခြင်း၊ မြို့ပေါ်လမ်းများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်ကင်းရှင်းစွာ သွားလာမောင်းနှင်ရေးအတွက် ပညာပေးဆွေးနွေး ဆောင်ရွက်ကြသည်။ *(ပြည်နယ် ပြန်/ဆက်)*

လိုင်ယွန်၊ ဆီဗီလာ၊ အာဆင်နယ်တို့ နောက်တစ်ဆင့်တက်ရောက်

လီဗာပူးတို့ ချန်ပီယံလိဂ်အိပ်မက်ပျက်ပြယ်

အားကစားသတင်းမှတ်စု - မောင်မောင်မြင့်ဆွေ

လန်ဒန် နိုဝင်ဘာ ၅

ချန်ပီယံလိဂ်ဘောလုံးပွဲစဉ်များကို နိုဝင်ဘာ ၅ရက်က ဆက်လက်ယှဉ်ပြိုင်ရာ လီဗာပူး၊ ဆီဗီလာ၊ ဘာစီလိုနာတို့ သရေပွဲဖြစ်ပြီး အာဆင်နယ်နှင့် အင်တာမီလန်တို့ နိုင်ပွဲများရရှိခဲ့သဖြင့် လိုင်ယွန်၊ ဆီဗီလာနှင့် အာဆင်နယ်တို့ ချန်ပီယံလိဂ်နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့ပြီ ဖြစ်သည်။

လိုင်ယွန်နှင့် လီဗာပူး

အိမ်ကွင်း၌ လိုင်ယွန်တို့ခြေစွမ်းပြနိုင်ခဲ့မှုကြောင့် လီဗာပူးတို့ ထင်တိုင်းမပေါက်ဖြစ်ခဲ့ရသည်။ တောရက်စ်၊ ဗိုရိုနင်၊ ဒရက်ကွတ်နှင့် ဘီနာယောင်တို့က လိုင်ယွန်နောက်တန်းကို ၁၁ကြိမ် ထိုးဖောက်ပြီး အပိုင်ကန်သွင်းခွင့် ခြောက်ကြိမ်ရရှိခဲ့သည်။ ၈၃မိနစ်၌ ဘာဘယ်က လီဗာပူးအတွက် ဂိုးသွင်းယူပေးခဲ့သော်လည်း မိနစ် ၉၀၌ လိုပက်ဇ်က လိုင်ယွန်အတွက် ချေပဂိုး သွင်းယူပေးခဲ့သဖြင့် လီဗာပူးတို့ သရေပွဲကြုံပြီး ရေတိမ်နစ်ခဲ့ရခြင်းဖြစ်သည်။ နှစ်ပွဲပေါင်းအနိုင်ရလဒ်ဖြင့် လိုင်ယွန်တို့ ချန်ပီယံလိဂ်နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

ဒိုင်နမိုကိဗ်နှင့် အင်တာမီလန်

ချန်ပီယံလိဂ်အုပ်စု(စ)တွင် အင်တာမီလန်တို့ အောင်ပွဲခံနိုင်ခဲ့သည်။ ဘာလော့တယ်လီ၊ မန်စီနီ၊ မွန်တာ၊ မာတာရာဇီတို့ ဦးဆောင်ပွဲထွက်လာသော အင်တာမီလန်ကို အိမ်ကွင်း၌ စိတ်ဓာတ်ပြင်းပြင်းဖြင့် ဒိုင်နမိုကိဗ်ကစားခဲ့ရာ ၂၁မိနစ်၌ ဒိုင်နမိုကိဗ်အသင်းမှ ရှက်ဗ်ချင်ကိုက အဖွင့်ဂိုးသွင်းယူခဲ့သည်။ အင်တာမီလန်တို့ ချေပဂိုးရရှိရေး ကြိုးစားရာ ၈၆မိနစ်၌ အင်တာမီလန်အတွက် မီလီတိုကတစ်ဂိုး၊ ၈၉မိနစ်၌ စနိုက်ဒါကတစ်ဂိုး သွင်းယူခဲ့သဖြင့် အင်တာမီလန်တို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အုပ်စု(စ)တွင် အင်တာမီလန်တို့ ချန်ပီယံလိဂ်နောက်တစ်ဆင့် တက်ရောက်ရန် ကြိုးစားရဦးမည်ဖြစ်သည်။

ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ဒိုင်နမိုကိဗ်နှင့် အင်တာမီလန်တို့ပွဲတွင် အင်တာမီလန်အတွက် အနိုင်ဂိုးကို စနိုက်ဒါ(လယ်)က ဤသို့ အနီးကပ် သွင်းယူပေးခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

အာဆင်နယ်နှင့် အေဇက်အယ်လ်ခမာ

အာရှာဗင်၊ ဗန်ပါစီ၊ နာဆရီ၊ ဖာဘရီဂတ်စ်နှင့် ဒီရာဘိုင်တို့ဖြင့် ပွဲထွက်ခဲ့သော အာဆင်နယ်တို့ အိမ်ကွင်း၌ လေးဂိုးဆက်တိုက်သွင်းကာ ပွဲကို ဦးဆောင်ထားနိုင်ခဲ့သည်။ အာဆင်နယ်အတွက် ဂိုးများကို ၂၅ မိနစ်၌ ဖာဘရီဂတ်စ်၊ ၄၃မိနစ်၌ နာဆရီ၊ ၅၂မိနစ်၌ ဖာဘရီဂတ်စ်နှင့် ၇၂မိနစ်၌ ဒီရာဘိုင်တို့က သွင်းယူပေးခဲ့ကြသည်။ အေဇက်အယ်လ်ခမာတို့အတွက် ချေပဂိုးတစ်ဂိုးကို ၈၂မိနစ်၌ ဂျာမိန်းလန်းစ်က သွင်းယူပေးခဲ့သဖြင့် အာဆင်နယ်တို့ လေးဂိုး-တစ်ဂိုးဖြင့် ပြတ်ပြတ်သားသား အနိုင်ရရှိပြီး ချန်ပီယံလိဂ်နောက်တစ်ဆင့်သို့ သိက္ခာရှိစွာ တက်ရောက်နိုင်ခဲ့သည်။

ရူဘင်ကာဇန်နှင့် ဘာစီလိုနာ

မက်ဆီ၊ အီဘရာဟင်မိုဗစ်၊ ဆာဗီ၊ အင်နီယေစတာတို့ကို ထုတ်သုံးခဲ့သော ဘာစီလိုနာတို့ အသာစီးမှကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့် အခွင့်အရေးကောင်းများ ရရှိခဲ့သည်။ ဘာစီလိုနာတို့ အပိုင်ကန်သွင်းခွင့် ငါးကြိမ်ရရှိခဲ့ပြီး ရူဘင်ကာဇန်က တစ်ကြိမ်သာရရှိခဲ့သည်။ ဘာစီလိုနာတိုက်စစ်မှူးများဖြစ်သည့် မက်ဆီနှင့် အီဘရာဟင်မိုဗစ် အပိုင်ကန်သွင်းမှုကို ရူဘင်ကာဇန်ဂိုးသမား ရိုင်ဇီကော့ဗ် ကာကွယ်နိုင်ခဲ့၍သာ ဘာစီလိုနာတို့ ဂိုးမရရှိခဲ့ခြင်းဖြစ်သည်။

ဆီဗီလာနှင့် စတုဂတ်

အိမ်ရှင်ဆီဗီလာတို့ အဖွင့်ဂိုးစောစီးစွာ သွင်းယူနိုင်သော်လည်း စတုဂတ်တို့၏ ချေပဂိုးကြောင့် တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ရသည်။ ဆီဗီလာအတွက်ဂိုးကို ၁၄မိနစ်၌ နာဗက်စ်က သွင်းယူပေးခဲ့သည်။ အိမ်ရှင် ဆီဗီလာတို့က ထိန်းပြီးကစားခဲ့သဖြင့် စတုဂတ်တို့ ချေပဂိုးရရှိရေးကြိုးစားရာ ၇၈မိနစ်၌ ကုဇ်မာနိုဗစ်က ၂၅ကိုက်အကွာမှ ကန်သွင်းယူခဲ့သဖြင့် ချေပဂိုးရရှိခဲ့သည်။ ဆီဗီလာတို့ ယခုပွဲ၌ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သော်လည်း ချန်ပီယံလိဂ် ၁၆အသင်းအဆင့်သို့ တက်ရောက်သွားနိုင်ခဲ့ပြီဖြစ်သည်။

အခြားပွဲရလဒ်များ

ဖီအိုရင်တီးနား	၅ - ၂	ဒီဘရင်စီနီ
ယူနီရီယာ	၁ - ၁	ရိန်းဂျားစ်
စတန်းဒတ်လိဂ်	၂ - ၀	အိုလံပီယာကော့စ်

(အင်တာနက်)

ရတနာပုံဘောလုံးအကယ်ဒမီအတွက် လူငယ်ကစားသမားများ ရွေးချယ်ခံနေစဉ်။ (မြန်မာ့အလင်း)

ရတနာပုံ ဘောလုံးအကယ်ဒမီအတွက် ရန်ကုန်မြို့တွင် ကစားသမားများစတင်ရွေးချယ်

ရန်ကုန် နိုဝင်ဘာ ၅

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ရတနာပုံဘောလုံးအသင်းမှ မန္တလေးမြို့တွင် ဖွင့်လှစ်မည့် ရတနာပုံဘောလုံးအကယ်ဒမီအတွက် လူငယ်ဘောလုံးသမားများ ရွေးချယ်ပွဲကို ယနေ့နံနက်မှစ၍ ရန်ကုန်မြို့ရှိ ကြို့ကုန်း သစ်တောအားကစားကွင်း၌ ကျင်းပသည်။

ရွေးချယ်ခံ

ရန်ကုန်မြို့အတွက် လူငယ်အားကစားသမားများရွေးချယ်ပွဲ ပထမနေ့တွင် လူငယ်ကစားသမား ၂၀၀၇ဦး လာရောက်အရွေးချယ်ခံကြသည်။ အဆိုပါ ကစားသမားများကို ဘောလုံးအကယ်ဒမီအတွက် ခန့်အပ်ထားသည့် ဘရာဇီးလူမျိုးနည်းပြအပါအဝင် ရတနာပုံအသင်း နည်းစနစ်ဒါရိုက်တာ မစ္စတာရောဘတ်၊ နည်းပြချုပ်ရှိဟန်တို့က လာရောက်ကြည့်ရှုကာ ပဏာမကစားသမား ၂၈ဦးကို ရွေးချယ်ခဲ့သည်။ လူရွေးပွဲ ဒုတိယနေ့ကို နိုဝင်ဘာ ၆ရက်(ယနေ့) နံနက်၈နာရီမှစ၍ ကြို့ကုန်းရှိ သစ်တောကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး အသက် ၁၂နှစ်မှ ၁၆နှစ် အတွင်းရှိ မည်သူမဆို လာရောက်အရွေးချယ်ခံနိုင်ကြောင်း သိရသည်။

ရွေးချယ်

ရတနာပုံ ဘောလုံးအကယ်ဒမီအတွက် လူရွေးပွဲများကို နိုဝင်ဘာ ၅ရက်မှ ၂၉ရက်အထိ မြို့ကြီး ၁၃မြို့တွင် ကျင်းပရွေးချယ်သွားမည်ဖြစ်သည်။ (မြန်မာ့အလင်း)

စမ်းချောင်းမြို့နယ်သက်ကြီးခြင်းလုံးသမားနှင့် ခြင်းလုံးပညာရှင်များ ပူဇော်ကန်တော့ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၅

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက် ကျွန်းတောလမ်းရှိ မြန်မာ့ရိုးရာခြင်းလုံးအားကစားရုံ အဋ္ဌမအကြိမ်မြောက် သက်ကြီးခြင်းလုံးသမားဘာကြီးများနှင့် ခြင်းလုံးပညာရှင်များအား ပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ ၁ရက် နံနက် ၉နာရီတွင်စတင်ရာ ရန်ကုန်မြို့ နယ်ပေါင်းစုံခြင်းရုံများမှ ၂၁ဦး၊ မြို့နယ်တွင်း ၁၅ဦး ပေါင်းအပူဇော်ကန်တော့ခံ ၃၆ဦးကို မြန်မာနိုင်ငံခြင်းလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် အမှုဆောင်များ၊ စမ်းချောင်းခြင်းရုံနာယကများ၊ ဥက္ကဋ္ဌ ဦးအေးသောင်းနှင့် အဖွဲ့ဝင်များ၊ မျိုးဆက်သစ်ခြင်းလုံးအားကစားသမားများစုံညီစွာ တက်ရောက်ကန်တော့ကြသည်။ ရှေးဦးစွာ အခမ်းအနားမှူးက ကန်တော့ချိုးကိုတိုင်ပေးပြီး ဦးသုံးကြိမ်ချကန်တော့ကြပြီး ကန်တော့ပစ္စည်းဝတ္ထုငွေများကို အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်၊ ခြင်းရုံဥက္ကဋ္ဌ ဦးအေးသောင်းနှင့် အမှုဆောင်များအလှည့်ကျပေးအပ်ကြသည်။ ထို့နောက် ကန်တော့ခံ သက်ကြီးခြင်းလုံးသမားဦးပွ(၈၉)နှစ်၊ ခြင်းလုံးခတ်ပညာရှင် ဦးအောင်ကြွယ်(အထောက်အဆယ်)တို့က သက်ကြီးများကိုယ်စား ဆုပေးစကားပြောကြားပြီး နာမည်ကျော်ခြင်းလုံးအဖွဲ့ ၁၂ဖွဲ့က အလှည့်ကျ ဂါရဝပြု အလှခတ်ပြသွားကြသည်။ **(မြန်မာ့အလင်း)**

ကွင်းဆင်းစစ်ဆေး

ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေဆိုးလမ်းဘေးဝဲယာအုတ်ရေမြောင်းပြုလုပ်ခြင်းကို စက်တင်ဘာ ၂၅ရက်က မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးမင်းအောင်မြင့်စိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ ဉဿာယူနိုက်တက် တစ်လုံးတည်းသော ဂိုးဖြင့်အနိုင်ရ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - ဖိုးသော်ဇင်၊ စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ

ရန်ကုန် နိုဝင်ဘာ ၅

MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်(၃၈)ကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ကျင်းပရာ ဉဿာယူနိုက်တက်အသင်းက ဆောက်သမ်းမြန်မာအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိသွားပါတယ်။

ဉဿာယူနိုက်တက် ၁-၀ ဆောက်သမ်းမြန်မာ

ဆောက်သမ်းမြန်မာအသင်းဟာ အမှတ်ပေးဇယားအောက်ဆုံးကနေ ရုန်းထွက်နိုင်ဖို့ အဆင့်(၇)နေရာမှာရှိနေတဲ့ ဉဿာယူနိုက်တက်အသင်းကို အနိုင်ယူဖို့ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ဆောက်သမ်းမြန်မာအသင်းအတွက် အရေးပါတဲ့ပွဲစဉ်ဖြစ်ပေမယ့် ခြေစွမ်းပြကစားနိုင်ခြင်းမရှိခဲ့သလို အထူးသဖြင့် နိုင်ငံခြားသားကစားသမားတွေ ခြေစွမ်းမပြနိုင်လို့ အရေးနိမ့်ခဲ့ရတာပါ။ ဉဿာယူနိုက်တက်အသင်းဟာ အခုပွဲအနိုင်ရခဲ့တာကြောင့် ၁၀ မှတ်ရရှိပြီး ရန်ကုန်ယူနိုက်တက်၊ ဇေယျာရွှေမြေ၊ မကွေးအသင်းတို့နဲ့ အမှတ်တူ ဖိအားပေးနိုင်ခဲ့ပါတယ်။

ဉဿာယူနိုက်တက်အသင်းမှ အောင်ကျော်ထွန်းနှင့် ဆောက်သမ်းမြန်မာအသင်းမှ ရဲမောင်မောင်တို့ အကြိတ်အနယ်။ (မြန်မာ့အလင်း)

အနိုင်ရ

နှစ်သင်းစလုံးမှာ လူစုံပါဝင်ခဲ့ကြပေမယ့် ပထမပိုင်းကစားပုံကတော့ ထင်သလောက်မကောင်းခဲ့ပါဘူး။ ဆောက်သမ်းမြန်မာအသင်းဟာ ပိုဖိကစားနိုင်ခဲ့ပေမယ့် တိုက်စစ်မှာ အမှားများခဲ့တာကြောင့် ထိရောက်တဲ့ဂိုးသွင်းခွင့်တွေ မရခဲ့ပါဘူး။ ဉဿာယူနိုက်တက်အသင်းကလည်း ဂိုးရဖို့ကြိုးစားခဲ့ပေမယ့် ဂိုးတော့မရခဲ့ပါဘူး။ နိုင်ငံခြားသားကစားသမားတွေဖြစ်တဲ့ ပီတာနဲ့ မားကို့စ်၊ ဘယ်ခြမ်းက အောင်ကျော်ထွန်းတို့ရဲ့အားကို အဓိက အားပြုတိုက်စစ်ဆင်ခဲ့တဲ့ ဉဿာယူနိုက်တက်အသင်းဟာ ၅၄မိနစ်မှာ တစ်လုံးတည်းသော အနိုင်ဂိုးရခဲ့ပါတယ်။ ဆောက်သမ်းမြန်မာအသင်း နောက်ခံလူ အိုမီလီရဲ့အမှားကနေ တိုက်စစ်မှူးပီတာရသွားပြီး ဂိုးသမားခိုင်စိုးထွန်းကိုကျော်ပြီး ကန်သွင်းခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာ ခြေအရ ကွာခြားမှုမရှိပေမယ့် ဆောက်သမ်းမြန်မာအသင်းကတော့ ချေပဂိုးရအောင် မစွမ်းဆောင်နိုင်ခဲ့ပါဘူး။ အဲဒါကြောင့် ဒုတိယအကျော့မှာ ဆောက်သမ်းမြန်မာအသင်း နှစ်ပွဲဆက်အရှုံးနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ။

၇-၁၁-၂၀၀၉

(သုဝဏ္ဏကွင်း)

ဒယ်လ်တာယူနိုက်တက်-ကမ္ဘောဇ။ (မြန်မာ့အလင်း)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၉ခုနှစ် နိုဝင်ဘာလအတွက်

၈-၁၁-၂၀၀၉ ရက်နေ့

နှင့်

၂၉-၁၁-၂၀၀၉ ရက်နေ့

လှိုင်းဘွဲ့မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ရွှေပြည်အေးလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားမှုကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအောင်ကျော်မင်းနှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အင်အားအသင့်အတင့် မြေငလျင်တစ်ခုလှုပ်

နေပြည်တော် နိုဝင်ဘာ ၅

နိုဝင်ဘာ ၅ရက် ညနေ ၄နာရီ ၇မိနစ် ၄၆စက္ကန့်တွင် ကမ္ဘာ့အေး မြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၁၇၀၀ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပ[တရုတ် (တိုင်ပေ)]တစ်နေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ဒသမ ၇အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မွေးနေ့မင်္ဂလာဆုမွန်လွှာ

ချစ်သမီးလေး **စောသီရိကိုကို(ချောချော)**၏ ၆-၁၁-၂၀၀၉ ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း (၁၂၀) တိုင်အောင် မိသားစုနှင့်အတူ ဘဝခရီးလမ်းတွင် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း၊ ပျော်ရွှင်ခြင်းနှင့် ပြည့်စုံပြီး နိုင်ငံအကျိုး၊ သာသနာအကျိုး သယ်ပိုးထမ်းဆောင်နိုင်ပါစေ။

ချစ်သော ဘွားဘွား - **ဒေါ်မြစိန်**
- **ဖေဖေ၊ မေမေ (နေပြည်တော်)**
အစ်ကိုကြီး - **ကိုရဲမင်းကိုကို(ကိုရဲ)**
အစ်ကိုလတ် - **ဗိုလ်သီဟကိုကို+မမထိုက်**
မောင်လေး - **စည်သူကိုကို**

မွေးနေ့ဆုတောင်းမင်္ဂလာ

ဘိုကလေးမြို့၊ ဗိုလ်တေဇလမ်း၊ အမှတ် ၅၄နေ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန်ဒါယကာကြီး အနန္တကျေးဇူးရှင် ဖခင်ကြီး ဦးမြင့်ဆွေ (ပြုံးရွှင်-လိုင်စင်ရငွေချေးလုပ်ငန်းနှင့် ကုန်မျိုးစုံဆိုင်)၏ ၁၃၇၁ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် မိသားစုအကျိုး၊ သာသနာအကျိုးဆောင်ရွက်နိုင်ပါစေကြောင်းဆုတောင်းမေတ္တာပို့အပ်ပါသည်-

ချစ်ဇနီး - **ဒေါ်ပြုံး**
သားသမီးများ-
ကိုအောင်ဆန်းဦး - **မမြမြအေး**
ကိုမျိုးအောင် - **မပြုံးသီတာဆွေ**
ကိုအောင်ဆန်းလင်း - **မမူမူအောင်**
မြေးများ - **မောင်မျိုးသန့်ဇင်၊ မောင်ရဲပြည့်စုံ၊ မောင်ဇင်လင်းခန့်၊ မောင်မင်းသွေးခန့်၊ မောင်သော်ဘုန်းသန့်။**

အမည်ပြောင်း

အဖ ဦးမြင့်စိုး ၁၄/မအန(နိုင်) ၁၂၉၃၃၁ ၏ သမီး မကြူကြူဝေ အဌမတန်း(A) အထက(၃) ကြည့်မြင်တိုင်အား ယနေ့မှစ၍ မမေသူဇာလှိုင်ဟု ပြောင်းလဲခေါ်ပါရန်။
မမေသူဇာလှိုင်။

အမည်ပြောင်း

အဖ ဦးအောင်ကျော်ထူး၏သား ကျိုင်းတုံမြို့ အထက(၅) အဌမတန်း (က)မှ မောင်ဇော်လင်းထွဋ်အား မောင်သီဟသန်းထွဋ်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်သီဟသန်းထွဋ်။**

အမြန်ဆက်သွယ်ပါ

ချစ်တပည့် နိုင်ဝင်းအောင်
ဆရာကြီးဦးစိုးလွင်(မန္တလေး)
ဖုန်း-၀၉-၂၀-၀၅၃၀၀။

မွေးနေ့ဆုတောင်း

၆-၁၁-၂၀၀၉ရက်တွင်ကျရောက်သော တူမလေး **စောသီရိကိုကို(ချောချော)**၏မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ဘက်စုံထူးချွန်ထက်မြက်သောဘဝကို ပိုင်ဆိုင်၍ ချစ်သော မိသားစုမေတ္တာရိပ်အောက်ဝယ် မိဘကျေးဇူး၊ နိုင်ငံကျေးဇူး အထူးသိတတ်သော သမီးကောင်းရတနာ ဖြစ်ပါစေကြောင်း . . .

ချစ်သော - **ဘဘကြီးဦးဒစ်ကီ၊ ဒေါ်မာဂရက်**
ကြီးကြီးဝိုင်းလက်၊ ကြီးကြီးလော်ရင်း
ကြီးကြီးဖိန်း၊ ဦးလေးစိုးနှင့်
အစ်ကို၊ အစ်မများ (လားရှိုးမြို့)

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ Myanmar Winery & Distillery Co.,Ltd. မှ အသုံးမလို ပိုလျှံ သံထည်ပစ္စည်းအဟောင်းများ (H-beam, I- beam, Angle Iron, Tank အပျက်များ၊ သံချောင်းများ၊ သံပြားများ၊ Silo ဘေးကာပြားများ)ကို မျက်မြင်အခြေအနေအတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချလိုပါ၍ ချိပ်ပိတ်တင်ဒါများ ပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက်	-	၉-၁၁-၂၀၀၉ရက်မှ ၁၂-၁၁-၂၀၀၉ရက် (ရုံးချိန်အတွင်း)
၃။ တင်ဒါပုံစံရောင်းချမည့်နေရာ	-	IBTCရုံးချုပ်၊ အမှတ် ၁၈၊ ပြည်လမ်း၊ (၇)မိုင်၊ မရမ်းကုန်းမြို့နယ်။
၄။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် အချိန်နှင့်နေရာ	-	၂၀-၁၁-၂၀၀၉ရက်၊ မွန်းတည့်၁၂နာရီ IBTCရုံးချုပ်၊ အမှတ် ၁၈၊ ပြည်လမ်း၊ (၇)မိုင်၊ မရမ်းကုန်းမြို့နယ်။
၅။ တင်ဒါဖွင့်လှစ်မည့်ရက်၊ အချိန်နှင့်နေရာ	-	၂၃-၁၁-၂၀၀၉ရက်၊ ညနေ ၃ နာရီ IBTCရုံးချုပ်၊ အမှတ် ၁၈၊ ပြည်လမ်း၊ (၇)မိုင်၊ မရမ်းကုန်းမြို့နယ်။

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၆၃-၁၀၂၈၇သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။
ဒေါ်မြတ်မြတ်ဝင်း၊ ဘဏ္ဍာရေးမန်နေဂျာ (လေလံတင်ရောင်းချရေးအဖွဲ့)

ပျောက်ဆုံးခြင်း

မခိုင်ဇင်ဝင်း၏ PP အမှတ် ၈၁၀၉၇၄ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁-၉၉၁၇၉။

သစ်တောနှင့် သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

အသက် ၁၆နှစ်အောက် ပြည်နယ်နှင့်တိုင်းကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲ စာနယ်ဇင်းရှင်းပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၅

ပညာရေးဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာနတို့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ ကြီးမှူး၍ Calsome ကွေကာ(MDG Co.,Ltd.)၏ အဓိကကူညီပံ့ပိုးမှုဖြင့် ကျင်းပမည့် ၂၀၀၉-၂၀၁၀အခြေခံပညာအဆင့် အသက် ၁၆နှစ်အောက် ပြည်နယ်နှင့်တိုင်း ကျောင်းပေါင်းစုံ အမျိုးသား အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲနှင့်ပတ်သက်၍ စာနယ်ဇင်းမီဒီယာများအား ရှင်းလင်းပွဲကို ယမန်နေ့နံနက် ၁၀နာရီက Western Park Royal (ကန်တော်ကြီး)၌ကျင်းပရာ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးမြင့်သိန်း၊ အတွင်းရေးမှူး ဦးမောင်မောင်မြင့်၊ တွဲဖက်အတွင်းရေးမှူးများဖြစ်သည့် ဦးထင်လင်းပြည့်၊ ဦးသက်လွင်၊ ဒေါ်ဥမ္မာအောင်နှင့် အမှုဆောင်များ၊ Calsome ကွေကာ (MDG Co.,Ltd.) မှ Sales & Marketing Consultant ဦးမင်းတလညာဏ်နှင့် တာဝန်ရှိသူများ၊ စာနယ်ဇင်းမီဒီယာများမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ အဖွဲ့ချုပ်အတွင်းရေးမှူး ဦးမောင်မောင်မြင့်က အမှာစကားပြောကြားပြီး **(ဝဲပုံ)**စာနယ်ဇင်းများမှသိလိုသည်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။ ပြိုင်ပွဲကို နိုဝင်ဘာ ၉ရက်မှ ၁၆ရက်အထိ အောင်ဆန်းကွင်း မိုးလုံလေလုံ အားကစားရုံ၌ကျင်းပမည်ဖြစ်ပြီး ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဆုကြေးငွေအဖြစ် ပထမဆု ကျပ်ခြောက်သိန်း၊ ဒုတိယဆုကျပ်လေးသိန်း၊ ပူးတွဲတတိယဆု ကျပ်သုံးသိန်းစီ၊ အကောင်းဆုံး အားကစားသမားဆု ကျပ်တစ်သောင်း ချီးမြှင့်မည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားတွင် စိုင်းစိုင်းခမ်းလှိုင်၊ ဟက်ကက်၊ အနဂ္ဂနှင့် စတီရီယိုတေးသံရှင်များက ဖျော်ဖြေကြမည်ဖြစ်သည်။

(အား/ကာ)

ဓာတ်မြေဩဇာ စုပေါင်းကြဲပက်ပွဲ ဖောင်းပြင်၌ ကျင်းပ

ဖောင်းပြင် နိုဝင်ဘာ ၅

ဖောင်းပြင်မြို့နယ်၏ ၂၀၀၉-၂၀၁၀ခုနှစ် မိုးစပါး စိုက်ဧကများတွင် တစ်ဧက အထွက်နှုန်းတိုးတက်ရေးအတွက် ဓာတ်မြေဩဇာစုပေါင်းကြဲပက်ပွဲကို အင်ကြင်းမြိုင်ရပ်ကွက် ကွင်းအမှတ် (၃၅၆/က)ရွှေတောင်ကွင်း၌ အောက်တိုဘာ၁၉ရက် ညနေ၄နာရီခွဲက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလွင်နှင့် မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဝင်များ၊ စိုက်ပျိုးရေးနှင့် မြေစာရင်းဦးစီးဌာနဝန်ထမ်းများ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် တောင်သူများ စုစုပေါင်းအင်အား ၁၂၀ပါဝင်ကြောင်း သိရသည်။

(မြို့နယ် ထွေ/အုပ်)

Miss People စတိုင်ပြိုင်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၅

မြန်မာ People Magazine က နှစ်စဉ်ကျင်းပမြဲဖြစ်သော စတုတ္ထအကြိမ် Miss People စတိုင်ပြိုင်ပွဲကို နိုဝင်ဘာ ၁ရက်က ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ကျင်းပရာ **(အောက်ပုံ)** အကဲဖြတ်ဒိုင်လူကြီးများအဖြစ် အကယ်ဒမီလူမင်း၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်၊ နဝရတ်၊ ဒါရိုက်တာ မင်းထင်ကိုကိုကြီး၊ ဓာတ်ပုံ ထင်လင်း၊ ဒေါ်အိမျိုးသွယ်၊ ဒေါ်လှဲ့လှဲ့သန်း၊ ဦးအောင်ကျော်နိုင်၊ ဒေါ်သဲမေစုနှင့် ဦးရန်ပိုင်ဝင်းတို့က ဆောင်ရွက်ကြသည်။

စတိုင်ပြိုင်ပွဲနှင့်အတူ ဈေးရောင်းပွဲတော်၊ The Trees Band အဖွဲ့သားများနှင့် နာမည်ကြီး အဆိုတော်များက မေတ္တာဖြင့်သီဆိုပေးကြသည့် စတိတ်ရှိုးဖျော်ဖြေမှုများကို တစ်ပါတည်းကျင်းပခဲ့ပြီး ပွဲဝင်ကြေးရရှိသော ငွေအားလုံးနှင့် ဈေးရောင်းပွဲတော်အတွက် ဆိုင်ခန်းနေရာရောင်းချခြင်းမှ ရရှိလာသော ငွေအားလုံးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ကမ္ဘာအေး လူငယ်သင်တန်းကျောင်း၊ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း၊ မလိခအမျိုးသမီးကလေးများ သင်တန်းကျောင်းတို့အတွက် Computer၊ Printer၊ UPS တစ်စုံစီ စုစုပေါင်းသုံးစုံနှင့် ပညာရေးအတွက် အလှူငွေကျပ် ငါးသိန်းစီတို့ကိုပွဲအပြီးတွင် တစ်ပါတည်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သူတို့ရရှိ

Miss People စတိုင် ပြိုင်ပွဲတွင် Miss People ဆု သဲနော်ဇာ(ကိုယ်ပိုင်ဒီဇိုင်း)၊ 1stRunner UP မေဆုးမောင် (ဒီဇိုင်နာချိုကေဇင်ဇော်)၊ 2ndRunner UP ချမ်းမီမီကို (ဒီဇိုင်နာဖြိုးပြည့်-ပြည်စိုးအောင်)၊ Best Stylist ဒေါ်လာပွင့်ဝေ (ဒီဇိုင်နာမောင်မောင်)၊ People's Choice သဲနော်ဇာ၊ Miss A21 ဝင့်ဒါလီ၊ Miss Ba Wang ဝင့်ဒါလီ၊ Miss Shoe Gallery မေဆုးမောင်၊ Miss PEP ဝင့်ဒါလီ၊ Miss Daily Vitagin သဲနော်ဇာတို့ ရရှိကြသည်။

ပူးပေါင်းပါဝင်

Miss People စတိုင်ပြိုင်ပွဲတွင် မြန်မာ People Magazine နှင့်အတူ စပွန်ဆာအဖြစ် A21 Beauty Soap၊ PEP၊ Shoe Gallery၊ Daily Vitagin၊ BaWang Shampoo၊ Smooth E Skin Care၊ Revlon၊ Alpine၊ Xenon Wellwoman၊ Slenfig၊ Dolly Bird နှင့် မန်းရွှေပြည် သယ်ယူပို့ဆောင်ရေးတို့ ပူးပေါင်းပါဝင်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ပင်းတယမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး သင်တန်းဆင်းပွဲကျင်းပ

ပင်းတယ နိုဝင်ဘာ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင် ပင်းတယမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး သင်တန်းအမှတ်စဉ် (၂/၂၀၀၉) သင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၉ ရက် မွန်းလွဲ ၁ နာရီက ဇော်ဂျီခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်လတ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့သင်တန်းမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးလှဆွေနှင့် သင်တန်းနည်းပြများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မီးသတ်တပ်ဖွဲ့ သင်တန်းသားများ တက်ရောက်ကြသည်။

သင်ကြားပို့ချ

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်လတ်က သင်တန်းဆင်း အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးလှဆွေက သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးတင်လတ်က သင်တန်းစံပြဆု၊ အကောင်းဆုံး စစ်ရေးပြဆုနှင့် အကောင်းဆုံးလက်နက်ငယ်ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များကို မီးသတ်တပ်ဖွဲ့ သင်တန်းသားတစ်ဦးက လက်ခံယူသည်။ **(အောက်ပုံ)** အဆိုပါမီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး သင်တန်းသို့ သင်တန်းသား ၆၅ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာ သင်ကြားပို့ချသည်။ **(မြို့နယ် ပြန်/ဆက်)**

6-11 (13).pmd 1 11/6/2009, 1:41 AM

သီပေါ၌ ယာဉ်အန္တရာယ် ကင်းဝေးစေရေးအတွက် ယာဉ်/လမ်း စည်းကမ်းထိန်းသိမ်းရေး ပညာပေး

သီပေါ အောက်တိုဘာ ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ယာဉ်အန္တရာယ်ကင်းဝေးစေရေးနှင့် ယာဉ်မတော်တဆမှုများ ပပျောက်စေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကို သီပေါမြို့နယ်ခန်းမ၌ အောက်တိုဘာ ၁၇ ရက်က ကျင်းပရာ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့ပေါ် ၁၁ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ပြည်သူများ တက်ရောက်ကြသည်။

ရှင်းလင်းဟောပြော

ရှေးဦးစွာ သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်က အဖွင့်အမှာစကား ပြောကြားပြီး ကျောက်မဲခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးဆန်းယု **(အပေါ်ပုံ)**က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်များနှင့် ယာဉ်လိုင်စင်ပြုလုပ်မှုကိစ္စများကို လည်းကောင်း၊ သီပေါမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းဦးက ဆိုင်ကယ်စီးနင်းသူများနှင့် ခြေကျင်လျှောက်သူများ လိုက်နာရမည့် စည်းကမ်းများကိုလည်းကောင်း၊ မြို့နယ်တရားသူကြီး၊ မြို့နယ်ဥပဒေအရာရှိနှင့် ခရိုင်ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ဥပဒေကြောင်းဆိုင်ရာများကို အသေးစိတ် ရှင်းလင်းဟောပြောကြသည်။ (ဝ၂ဝ)

ဆီမုန်လာစိုက်နည်းမှန်သရုပ်ပြပွဲ နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာ၌ ကျင်းပ

နောင်ချို အောက်တိုဘာ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာအုပ်စု ဘန့်ဘွေး(တောင်) ကွင်းအမှတ်(၁)တွင် အောက်တိုဘာ ၆ရက်က ဆီမုန်လာစိုက်နည်းမှန် သရုပ်ပြပွဲ ကျင်းပသည်။

တက်ရောက်

သရုပ်ပြပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်၊ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဒေါ်နန်းလွင်လွင်စိန်နှင့် ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

မြေယာရှုခင်းအလှပြင်ဆင်

အောက်တိုဘာ ၂၃ ရက်က ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့ဝင်ဆိုင်းဘုတ်တွင် မြေယာရှုခင်းအလှပြင်ဆင်ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှသိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်ထွဋ်တို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဝက်သက်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကာကွယ်ထိန်းချုပ်ခြင်း အသိပေးရှင်းလင်းပွဲ နေပြည်တော်တပ်ကုန်း၌ကျင်းပ

နေပြည်တော်တပ်ကုန်း အောက်တိုဘာ ၂၃

ဝက်သက်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းနှင့် ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ မြို့နယ်အဆင့် အသိပေးရှင်းလင်းပွဲ အခမ်းအနားကို နေပြည်တော်တပ်ကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၃၀ရက် မွန်းလွဲ၂နာရီက ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာအောင်ငွေစံက ဝက်သက်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း၊ ရောဂါထိန်းချုပ်ခြင်း၊ ကုသကာကွယ်ခြင်းလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးနှင့် ဝက်သက်ရောဂါ ဖြစ်ပွားမှု လျော့နည်းကင်းစင်ရေး စသည့် ရည်ရွယ်ချက်များ ရရှိအောင်ဆောင်ရွက်သွားကြရမည့် နည်းဗျူဟာများကို ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

တက်ရောက်

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ဆွေးနွေးကြသည်။ (၂၆၆)



ငပုတော မြို့နယ် စည် ပင် သာ ယာ ရေး အဖွဲ့၏ ၂၀၀၉-၂၀၁၀ မြို့ပြ (ငွေလုံးငွေရင်း) လုပ်ငန်းဖြစ်သောယုဇနလမ်းနှင့် မဥ္ဇူလမ်းဆုံ မြေထိန်းနံရံတည်ဆောက်ခြင်းပြီးစီးမှု အခြေအနေကို အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင် နှင့် အငယ်တန်း အင်ဂျင်နီယာ-၂ (မြို့ပြ)ဦးဇော်အေးထွေးတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

မူဆယ်မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မူဆယ် နိုဝင်ဘာ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် အမျိုးသား (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို အောက်တိုဘာ ၂၄ ရက် ညနေ ၃နာရီက မူဆယ်မြို့ ပြည်ထောင်စုအားကစားကွင်း၌ ကျင်းပရာ ဟိုမွန်ရပ်ကွက် ဘောလုံးအသင်းနှင့် မော်တောင်းကျေးရွာအုပ်စု ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲတွင် ဟိုမွန်ရပ်ကွက်ဘောလုံးအသင်းက မော်တောင်းကျေးရွာအုပ်စု ဘောလုံးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါဘောလုံးပွဲကို စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၂၄ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

ဆုချီးမြှင့်

ဆုရရှိသူများအား မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များက ဆုချီးမြှင့်ကြပြီး ပထမဆုရရှိသော ဟိုမွန်ရပ်ကွက်ဘောလုံးအသင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညွန့်ဟန်က ဆုဖလားချီးမြှင့်ခဲ့သည်။**(အောက်ပုံ)** **(မြို့နယ် အား/ကာ)**

စာကြည့်တိုက်များ ရေရှည်ခိုင်မာရေး ညှိနှိုင်းဆွေးနွေး

ဆားလင်းကြီး အောက်တိုဘာ ၂၂

မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်နှင့် ဓာတ်ပုံ ဦးအောင်သီဟတို့ အောက်တိုဘာ ၉ ရက်က ညောင်ပင်တိုကျေးရွာအုပ်စုသို့ ရောက်ရှိပြီး ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူများနှင့်တွေ့ဆုံပြီး ကျေးရွာစာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မာရှင်သန်ရေး၊ စံ(၅)ချက်နှင့်ညီသည့် ခိုင်မာစာကြည့်တိုက်ဖြစ်ပေါ်ရေး၊ စာအုပ်စာစောင်နှင့် စာဖတ်သူများ တိုးပွားရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ညောင်တုန်းမြို့နယ် စည်ပင် သာယာရေး အဖွဲ့ ၂၀၀၉ - ၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဗိုလ်ချုပ်လမ်းဘေးဝဲယာ လူသွားစင်္ကြံ ပလက်ဖောင်း ၂၆၁၄ပေ ပြန်လည်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းကို အငယ်တန်း အင်ဂျင်နီယာ(၂)ဦးစန်းယုလှိုင် ဆောင်ရွက်ခြင်းကို အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုး ကြီးကြပ် ဆောင်ရွက်စဉ်။ (၁၅၂)

6-11 (15).pmd 1 11/6/2009, 1:41 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

ပထမအကြိမ် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဂျပန်နိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် နိုဝင်ဘာ ၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပမည့် ပထမအကြိမ် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက် ၁၀နာရီတွင် အထူးလေယာဉ်ဖြင့် ဂျပန်နိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော် လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ *စာမျက်နှာ ၃ ကော်လံ ၁* ●

တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပမည့် ပထမအကြိမ် မဲခေါင်- ဂျပန်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဂျပန်နိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)